မော်ပင့်ကျေးရွာ

မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မော်ပင့်ကျေးရွာ၊မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တဘ်ာလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

မော်ပင့် ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** **၆၇**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** **၆၉**

**ကိုးကားစာရင်း** **၇၄**

အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ

DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

HIV ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်

MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

MEB မြန်မာ့စီးပွားရေးဘဏ်

MMK မြန်မာကျပ်

MoALI စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

NGO အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

STD လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို

တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မှုဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊

အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တဘ်ာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မော်ပင့်ကျေးရွာ
မိုးညှင်းမြို့နယ်


- ဘုန်းကြီးကျောင်း
- စာသင်ကျောင်း
- ရထားလမ်း
- တံတား
- သစ်တော

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရွှေဘို-မြစ်ကြီးနားကားလမ်းဘေး တစ်မိုင်ခွဲခန့် အနီးတွင်ရှိနေ သောကြောင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက သက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း များဖြစ်ကြသည်။ ဒေသ၏ တစ်နှစ်ပျှမ်းမျှ မိုးရေချိန်လက်မမှ ၈၀ မှ ၁၀၀ ဝန်းကျင် တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်း များအတွက် အသင့်အတင့် အထောက်အကူပြုသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်သည်။ ကျေးရွာအနီးတွင် တောတောင်များရှိပြီး မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ပဲစိုက်ပျိုးထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။ ကျေးရွာအချို့တွင် ရေကြီးရေလွှမ်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ခံစားခဲ့ရသော်လည်း ဤကျေးရွာမှာ ကင်းလွတ်ခဲ့ သည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီ အသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူအချို့မှာ

ကိုယ်ထူကိုယ်ထ ဆည်ရေဖြင့် လယ်မြေကေ ၄၆၀.၉၆ ခန့်ကိုသာ ရေသွင်းစိုက်ပျိုးနိုင်သည်။ မြေအောက်ရေ အသုံးပြုမှု နည်းပါးသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ကေ(၅၀) ကေရှိပြီး စပါးနှင့် မတ်ပဲကို အဓိကစိုက်ပျိုးကြသည်။ ဓာတ်သတ္တုမှုများထွက်ရှိမှုမရှိပါ။ သဘာဝအရင်းမြစ်များ အဖြစ် ကျောက်မျက်များထွက်ရှိသည်။သို့သော်လည်း ယခုချိန်တွင် ရှားပါးခဲ့သည်ဖြစ်၍ လက်လုမ်း မမီ တော့ပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရှားပါးသည်။ နွားစာနှင့်ပါတ်သက်၍ စားကျက်မြေ မှာ သီးသန့် မရှိသည့်အတွက် ခက်ခဲမှုရှိသည်။ ဆေးဘက်ဝင်အပင်များလည်း ရှိသော်လည်း ရှာဖွေသူ၊ စုဆောင်းသူ၊ ရောင်းချသူများ အလွန်နည်းပါးသည်။

## ၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း ၂၉၂ စုနှင့်ကျား(၇၁၉)၊ မ(၇၂၇) ဦးဖြင့်လူဦးရေပေါင်း (၁၄၄၆)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျှမ်းမျှ(၄.၉)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျှမ်းမျှနှုန်း (၅)ဦးနှင့် ကိုက်ညီသည်။ ကျေးရွာတွင် တိုင်းရင်းသားများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ ၆၁% ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီး ဦးရေသည် အမျိုးသားဦးရေထက် ၅၀.၂၇% မျှ ပိုများ သည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေ အထားမှာ သာမန်အားဖြင့်လျော့နည်းသည်။ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၂၀၇)သည် ဆင်းရဲနှင့်အလွန်အိမ်ထောင်စုအဆင့်အဖြစ်ခံယူ ကြပြီး (၅) စုသည် ချမ်းသာသည့် အဆင့်(၈၀)သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်း စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင် သည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စုအချို့မှာ လည်း လက်သမား၊ ပန်းရံ၊ ဆန်ကြိတ်စက်၊ သစ်ခွဲစက်စသော အသေးစားအိမ်တွင်း လုပ်ငန်းများ

တွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ငွေချေးသော အိမ်ထောင်စုအချို့ နှင့် အစိုးရဝန်ထမ်းအချို့ လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာ အနည်းငယ် ပိုင်သော လယ်သမားများ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်း ခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မြင့်မားပြီး (၁၇၅) အိမ်အထိရှိကာ အများစုမှာ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက်၊ သစ်ခွဲစက်၊ တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၇၁% ဖြစ်သော ၂၀၇ စုကို လေ့လာဆန်းစစ်မှုအရ အများစုသည် ချေးငှား၍ စားသုံးခြင်းမရှိဘဲ ၆ လမှ ၁၂လ အထိ ရှာဖွေစားသောက်နိုင်ကြောင်းတွေ့ရှိရပါသည်။

အိမ်ထောင်စုအားလုံး၏ ၄၆ ခန့်သည် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲ၍ မိသားစုဦးရေ များပြားကြသည်။ အလားတူ အိမ်ထောင်ဦးစီးက ရွာပြင်ပတွင် သွားရောက် အလုပ်လုပ်နေကြသောအိမ်ထောင်စု (၂)စုနှင့် မုဆိုးဖို၊တစ်ခုလပ် ဦးဆောင် သည့် အိမ်ထောင်စု(၄)စုသည် ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မသန်စွမ်း(၂)ဦးနှင့် မိသားစု စောင့်ရှောက်မှု နည်းသူများဖြစ်သည့် သက်ကြီးရွယ်အို(၁)ဦးတို့ဖြစ်ကြသည်။ ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေ ရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတဆင့် ကူးစက် တတ်သည့် ရောဂါများ၊အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ ရှိတတ်ကြသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုသည်ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေး ရောဂါမှ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီး လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်ကြပြီး (၇) မိုင်ခန့်ဝေးသော မိုးညှင်းမြို့သို့ ကားလမ်းဖြင့် အလွယ်တကူ သွားလာနိုင်သည့် အတွက် လက်လှမ်းမီသည်ဟု ဆိုရပေမည်။

ကျေးရွာတွင် ရေတွင်းများ စိမ့်စမ်းရေများ အလွယ်တကူရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် အသင့်အတင့်များပြားသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ် အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်းနှင့် စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ကြသည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျှက်ရှိသည်။ ကျား-မ တန်းတူ ညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူ ညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၆)ဖွဲ့ နှင့် ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင် ရာ(၁)ဖွဲ့ တို့ရှိသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာ (၁)ဖွဲ့ တို့ရှိသည်။ ယင်းအဖွဲ့များအနက်ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာ အဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှု အားနည်းသည်။ နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှု အားကောင်းသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စပါးနှင့်မြေပဲကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၅၁၀.၉၆) ရှိပြီး သီးထပ်အဖြစ် မြေပဲ (၁၈၀)ဧက စိုက်ပျိုးကြသည်။ မိုးစပါးပျှမ်းမျှ အထွက်မှာ (တစ်ဧကလျှင် ၈၀တင်း)ခန့်နှင့် တစ်ဧကလျှင်မြေပဲ(၅၀တင်း) တို့ထွက်ရှိကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ တချို့ တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ တောင်သူများသည် တစ်ခါတရံတွင် မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရတတ်သည်။ မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးသူ အိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏(၃၄%) ဝန်းကျင် သာရှိပြီး ဒေသမှဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး(၁၅%)ခန့်ရှိပြီး ဈေးကွက်တွင်ဝယ်လိုအားရှိသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီးရောဂါကြောင့် သေဆုံး ပျက်စီးမှုများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေး

လုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေး လုပ်ငန်း တည်ထောင် တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ကျေးရွာတွင် မွေးမြူရန် ရေ၊မြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရ ဝန်ထမ်း လုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေ ကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင် ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ များပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့ စသည် သက်မွေး ဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေး အဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊စက်ပြင် စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေး နှင့်ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊

ဖူးခဲ့များကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှ မြေမြင့်သောအပိုင်းတွင် တည်ရှိ၍ ရေကြီးရေလွှမ်း ခြင်းမှ ကင်းလွတ်သည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်ဘေးအန္တရာယ်တို့ နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တခါတရံကြုံ တွေ့ရတတ်သည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝ အန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

## (c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေး သောချေးငွေကို တစ်နှစ်အတိုးနှုန်း၅ကျပ်တိုး၊ တစ်ကေလျှင် တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံးဆယ်ကေအတွက် ချေးယူနိုင်ကြသည်။ တချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်နှစ် အတိုးနှုန်း ၃၆%မှဖြင့်လည်းကောင်း၊ မိတ်ဆွေ၊မိသားစုဝင်များထံမှ ခေတ္တခဏ အတိုးမဲ့ဖြင့်သော် လည်းကောင်း ချေးယူနိုင်ကြသေးသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကို လေ့လာ ဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများ အားလုံးသည် အကြွေး ယူထားကြပြီး အကြွေးငွေ ၂၀၀၀၀ကျပ်မှ ဆယ်သိန်းအထိ ချေးယူထားကြောင်း တွေ့ရှိရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းရှိပြီး အလျား၁၂၀ပေ၊ အမြင့်၂၄ပေ၊ ၃၀ပေအရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံးမှာ ဘုန်းကြီးကျောင်း ပညာရေးကို ရရှိထားကြသည်။ မူလတန်းအောင်မြင့်မားသည်။ ယခုနှစ် ကျောင်းအပ်နှံသည့်နှုန်းထားသည် ကျေးရွာရှိ မူလတန်း အရွယ်နှင့် အလယ်တန်းအရွယ်ရှိသူ အရေအတွက်ထက်ပိုနေကြောင်းတွေ့ရှိရကာ ၎င်းမှာ မူလတန်း တွင် ၄ နှစ်မှစတင်၍ အနီးရပ်ကွက်မှ ကျောင်းသားများ တက်ရောက်နေကြခြင်း တို့ကြောင့် ဖြစ်သည်။ ကျောင်းတွင် ပရိဘောဂတို့မှာ လုံလောက်မှုအပြည့်အဝမရှိခြင်း၊ အခင်းအင်္ဂတေများ

ပေါက်ပြဲနေလျှက်ရှိသည်။ ကျောင်းရှိ လက်ရှိလူအင်အားနှင့် ဆရာမအင်အားမှာ လုံလောက်မှုရှိသည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီက မူလတန်း ကျောင်းသားများအတွက် ပြဋ္ဌာန်း စာအုပ်များ နှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ သို့သော် တစ်မိုင်ခန့် သွားရောက်၍ ကျေးလက်ဆေးပေးခန်း၌ ကုသရသည်။ ရွာတွင်းလမ်းနှင့် ရွာချင်းဆက်သွယ်သော လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီ၌ လမ်းသွားလမ်းလာ ခက်ခဲမှု ရှိပါသည်။

သောက်ရေအတွက် ရေတွင်းများတူးဖော်၍၎င်း စိမ့်စမ်းရေသွယ်ယူ၍ တပ်ဆင်သုံးစွဲကြပြီး လုံလောက်မှုရှိသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းအုတ်ဖြင့် ဆောက်လုပ် ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ် သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွား တတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာ မှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့် ဖော်ဆောင်ခြင်းမရှိသေးချေ။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီများကို အသုံးပြုမောင်းနှင်ကြသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၃၀၂)စီးနှင့် စက်ဘီး(၁၄၀)စီး၊ ထွေလာဂျီ(၈)နွားလှည်း(၉၇)တို့ကို အသုံးပြုလျှက်ရှိကြသည်။ ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၆ ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စု အားလုံးခန့်သည် သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြား

သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်း ဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်း တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ် များအတွက်လိုအပ်သလိုဆက်သွယ်ရရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြု နိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေး အန္တရာယ် လျော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံးမှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကျောင်း သင်တန်းများကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများတို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသူ/သားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း တစ်မိုင်ခန့်ဝေးသော ဆေးရုံးသို့ သွားရောက်ပြီး ဆေးကုသမှုခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် အသင့်အတင့်အဆင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ စပါးစိုက်ပျိုးရန်အတွက် မိုးရေကိုသာ အဓိကမှီခိုနေရသည်။ ချောင်းရေကို ဆည်ခံ၍ လယ်များအတွင်းသို့ ရေသွယ်တန်းယူကြရသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းရန် ဈေးကွက်ကောင်းသဖြင့် အထူးသဖြင့် ဝက်နှင့်နွားကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ မွေး/ကုဦးစီးဌာန လိုအပ်သော နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်း လက်လှမ်းမှီသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်သည်မှအပ အခြား သယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်း တိုးမြှင့်အောင် အားစိုက်ရပေမည်။

ကိုယ်ထူကိုယ်ထဆည်မှ ရေသွယ်စိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင် ရေသွယ်မြောင်း တိုးချဲ့ဆောက်လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် စိုက်ဧက တိုးတက်လာစေရန် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အပြင် ပိုးသတ်ဆေးအချို့ကိုခံနိုင်သော ဖျက်ပိုးများလည်း မြေပဲစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့်ပါတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ် မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နှင်းရေးကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိရန် လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုမှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းထုတ်လုပ်မှုလည်း မရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်ရရှိရေး အတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါ သည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းလာမည့် ငါးနှစ်တာ ကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ် ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည့်အပြင် မူးယစ်ဆေး အစွဲအလမ်းရှိမှု၊ စိတ်လေလွင့်မှုတို့ကိုပါ လျော့ပါးစေမည် ဖြစ်သည်။

(က-၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ပညာရေးနှင့်ကျမ်းမာရေးဆိုင်ရာ အခြေခံအဆောက်အဦးများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော ရင်းနှီးမြှုပ်နှံမှုများဖြစ်သည်။ ကျမ်းမာရေးဟောပြောပွဲများကျင်းပပေးခြင်းဖြင့် ဒေသတွင်း လူထု၏ ကျမ်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတများလည်း တိုးပွားလာစေရမည်။

(က-၃) ကျွန်ုတို့ ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စု များဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုတို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေလုပ်ငန်းများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြား

နေရာများ (မြစိမ်းရောင်စီမံကိန်းများ) နှင့် ချိတ်ဆက်ပေးမည်။ အရင်းနှီးငွေများများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း များအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာ များ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာသင်တန်းများ တက်ရောက် နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်း တက်ထားသူများကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပြီး မိမိတို့ကိုယ်တိုင် ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေရမည်။

(ခ-၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့်မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသား များအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရ လုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့်ချိတ်ဆက်ပေးခြင်းဖြင့် လူငယ်များအလုပ်အကိုင် အခွင့်အလမ်း တိုးတက်များပြားလာစေမည်။

(ခ-၃) ကျေးရွာတွင် သောက်သုံးရေးရရှိရေး၊ ကျေးရွာတွင်းလမ်းများနှင့် မော်ဟန်-မော်ပင့် ရွာလယ်တံတား ဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်ရေး အတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြု စီမံ ခန့်ခွဲ၊ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည် ဖော်ကြမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

## ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် မြေပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာ နှိမ်နင်းရေး အတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီး ဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာ အသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုး ရေးဦးစီးဌာနက ဦးစီး ဦးရွက်ပြုသင့်ပါသည်။

## (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲသားတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်ပြောင်းလဲသင့်ပါသည်။အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်း များအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေ လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမ အသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေ လိုအပ်ရှာသူသားများ

အတွက် ဈေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။ မြစိမ်းရောင်စီမံကိန်းရရှိရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည်ဖြစ်သည်။

**(ဃ) ကျေးလက်အသေးစား စက်မှုလုပ်ငန်းများ ဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့်အလား အလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှု၊လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေး အောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှု များအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင် များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို

ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မှုဘောင်သည် သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေး စီမံကိန်းလုပ်ငန်းအချို့ကို နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification)နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှု ဆိုင်ရာ ရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***လမ်းပန်းဆက်သွယ်ရေး*** | | | | | |
| | ၁။ ပို့ဆောင်ရေးအခြေခံအဆောက်အဦးများတိုးတက်လာစေရေး | ၈၈ | ၁ | – မော်ဟန်၊မော်ပင့် ကွန်ကရစ်ခင်းခြင်း<br>–ကျေးရွာတွင်းလမ်းများအားကွန်ကရစ်ခင်းခြင်း<br>–မော်ဟန်၊မော်ပင့် ရွာလယ်တံတားအားကွန်ကရစ်ခင်းခြင်း<br>–မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ | ကျေးလက်ဦးစီး |
| ***ကျန်းမာရေး*** | | | | | |
| ကျန်းမာရေးတိုးတက်လာစေရေး | ၂။ ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး | ၈၅ | ၂ | – ယင်လုံအိမ်သာများဆောက်လုပ်အသုံးပြုရန်တိုက်တွန်းခြင်း<br>– ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း | |
| **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း** | | | | | |
| ချေးငွေလက်လှမ်းမှီရေး | ၃။ သင့်တင့်သော အတိုးနှုန်းဖြင့်ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ရေး | ၈၀ | ၃ | – ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း<br>– အတိုးနှုန်းသက်သာပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ပေးခြင်း | |

| | | | | | |
|---|---|---|---|---|---|
| | | | | – ချေးငွေအတွက် လိုအပ်သောအထောက်အထားများပြင်ဆင်ခြင်း | |
| **ပညာရေး** | | | | | |
| ကလေးပညာရေးဖွံ့ဖြိုးရေး | ၄။ကျေးရွာ၏ပညာတတ်မြောက်မှုတိုးတက်ရေး | ၈၀ | ၄ | –ကျောင်းအဆောက်အဦးတိုးချဲ့ရန် | |
| **ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၅။ ကျေးရွာ၏သောက်သုံးရေကိုစွအဆင်ပြေစေရေး | ၇၇ | ၅ | -ရွာလူထုထံမှ ပူးပေါင်းပါဝင်မှုရယူခြင်း<br>-ပုဂ္ဂလိက အလှူရှင်ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- ရေသန့်စက်များတပ်ဆင်ပေးခြင်း | – |
| ***လူငယ်ယဉ်ကျေးမှု*** | | | | | |
| အားကစားလူငယ်များစွမ်းဆောင်ရည်တိုးတက်လာစေရေး | ၆။ လူငယ်များအရည်အသွေးနှင့်စွမ်း ဆောင်ရည်ဖွံ့ဖြိုးစေရေး | ၇၅ | ၆ | – အခြေခံခေါင်းဆောင်မှုသင်တန်း<br>– အဖွဲ့အစည်းစီမံခန့်ခွဲမှုသင်တန်း<br>– ဆက်ဆံရေးနှင့်ပံ့ပိုးမှုတိုးတက်လာစေရေးသင်တန်း<br>–အားကစားကွင်းနှင့်အားကစားပစ္စည်းများ | ကျေးလက်ဦးစီး |
| | ၇။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး | ၆၅ | ၉ | Business Development သင်တန်းများနှင့်ဈေးကွက်ဆိုင်ရာနည်းပညာသင်တန်းများပေးခြင်း | |

| | | | | | |
|---|---|---|---|---|---|
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | | |
| အခြေခံအဆောက်အဦးနှင့်နည်းပညာသင်တန်း | ၈။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေး | ၇၃ | ၇ | – စိုက်ပျိုးရေးသွင်းအားစုများဆက်သွယ်မှုရရှိရန်<br>– ဈေးကွက်နှင့်သတင်းချိတ်ဆက်လုပ်ဆောင်မှုပြုလုပ်ခြင်း<br>– မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း<br>– စပါးအထွက်တိုးနည်းပညာသင်တန်း(ပိုးမွှားနှင့်ရောဂါ)<br>– ဈေးကွက်ဆန်းစစ်ခြင်းနှင့်တန်ဖိုးမြှင့်ထုတ်ကုန်ဈေးကွက်သို့တက်လှမ်းခြင်း<br>– ရိတ်သိမ်းခြွေလှေ့စက်များငှားရမ်းနိုင်ရန်ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| ***အုပ်ချုပ်ရေးကဏ္ဍ*** | | | | | |
| အုပ်ချုပ်ရေးကဏ္ဍတိုးတက်မှု | ၉။ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ပေးရေး | ၇၀ | ၈ | – ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်အောင်ဆောင်ရွက်ခြင်း<br>– ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း<br>– အလုပ်အမှုဆောင်ကော်မတီများဖွဲ့စည်းခြင်း<br>– ခေါင်းဆောင်မှုနှင့်ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများစီစဉ်ခြင်း<br>– အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်း | ကျေးလက်ဦးစီး |

| | | | | |
|---|---|---|---|---|
| | | | များစီစဉ်ခြင်း | |
| ***မွေးမြူရေး*** | | | | |
| ၁၀။ မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး | ၆၀ | ၁၀ | – ဈေးကွက်သဘောတရားနားလည်မှုစွမ်းရည်မြှင့်တင် ရေး<br>– ကုန်ချောထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်အားနားလည်မှုစွမ်းရည်မြှင့်တင်ရေး | ကျေးလက် ဦးစီး |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ ပို့ဆောင်ရေးအခြေခံအဆောက်အဦးများ တိုးတက်လာစေရေး | ၁ | —— | | | | |
| ၂။ ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုးတက် လာစေရေး | ၂ | | —— | | | |
| ၃။ သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့်ချိတ် ဆက်ရေး | ၃ | —— | —— | —— | | |
| ၄။ ကျေးရွာ၏ပညာတတ်မြောက်မှုတိုးတက် ရေး | ၄ | —— | —— | —— | | |
| ၅။ ကျေးရွာ၏သောက်သုံးရေကိစ္စအဆင်ပြေ စေရေး | ၅ | | —— | —— | | |
| ၆။ လူငယ်များအားစွမ်းဆောင်ရည်မြှင့်တင် ပေးရေး | ၆ | —— | —— | —— | | |
| ၇။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ ကျွမ်းကျင်မှုများတိုးတက်ရေး | ၇ | | —— | —— | | |
| ၈။ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းရ ည် မြှင့်တင်ပေးရေး | ၈ | | —— | —— | | |
| ၉။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာ | ၉ | | —— | —— | | |

| | | | | |
|---|---|---|---|---|
| စေရေး | | | | |
| ၁၀။ မွေးမြူရေးလုပ်ငန်းဆိုင်ရာတိုးတက်ရေး | ၁၀ | | —— | —— |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

### စီမံချက်ဘတ်ဂျတ်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ပို့ဆောင်ရေးအခြေခံအဆောက်အဦးများတိုးတက်လာစေရေး | | | √ | | |
| ၂ | ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး | | | | √ | |
| ၃ | သင့်တင့်သောအတိုးနှုန်းဖြင့်ကာလ | | √ | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | | | | | |
| ၄ | ကျေးရွာ၏ ပညာတတ်မြောက်မှုတိုး တက်ရေး | | | √ | | |
| ၅ | ကျေးရွာ၏ သောက်သုံးရေကိစ္စအဆင် ပြေစေရေး | | | √ | | |
| ၆ | လူငယ်များအားစွမ်းဆောင်ရည်မြှင့် တင်ပေးရေး | | | | √ | |
| ၇ | စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသု တ၊ကျွမ်းကျင်မှုများတိုးတက်ရေး | | | | √ | |
| ၈ | အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး | | | | √ | |
| ၉ | အလုပ်အကိုင်အခွင့်အလမ်းများပြား လာစေရေး | | | | √ | |
| ၁၀ | မွေးမြူရေးလုပ်ငန်းဆိုင်ရာတိုးတက် ရေး | | | | √ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်

တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့် တင်ရန် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။

ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်း အချက်အလက်များပေါ် မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကို တည်ဆောက်ရပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါ သည်။

# ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

## (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

## (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **စုစုပေါင်း၏%** |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၇ | ၅ | ၁၂ | ၀.၈၃% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၅၁ | ၅၂ | ၁၀၃ | ၇.၁၄% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၆၈ | ၇၂ | ၁၄၀ | ၉.၇၀% |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၁၀၁ | ၆၇ | ၁၆၈ | ၁၁.၆၄% |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၃၈ | ၄၄၆ | ၈၈၄ | ၆၁.၂၆% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၅၄ | ၈၂ | ၁၃၉ | ၉.၄၂% |
| **စုစုပေါင်း လူဦးရေ** | | **၇၁၉** | **၇၂၇** | **၁၄၄၆** | |
| **စုစုပေါင်း အိမ်ထောင်စု - ၂၉၂** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၉၆** | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ မူလတန်းကျောင်းသားအရွယ်မှာ ၁၄၀ ရှိသည်။ သို့သော် ကျောင်းမတက်နိုင်သည့်ကလေးများလည်းတွေ့ရှိရသည်။ အလယ်တန်းကျောင်းသားများမှာ တစ်မိုင်ခန့်ဝေးသော မော်ဟန်အထက်တန်းကျောင်းသို့သွားရောက်၍သင်ယူရသည်။ အလုပ်လုပ်နိုင်သော ကျား-မ ပေါင်း ၈၈၄ဦးရှိသော်လည်း ကျားအများစုမှာ ဆေးစွဲနေသူ များသာဖြစ်ကြသည်။ မိဘများ ၆၀ ကျော်အရွယ်ရှိသော်လည်း သားသမီးမကောင်း၍ မိဘကိုယ်တိုင် လယ်လုပ်နေကြသည်ကို တွေ့ရှိရသည်။ လူနေမှုအဆင့်အတန်းမှာ ဆင်းရဲသည့်အုပ်စုတွင် အလွန်နိမ့်ပါးလှသည်။ ပညာရေး၊ ဗဟုသုတ၊ အကြား အမြင်လေ့လာသုံးသပ်မှု အလွန်နည်းပါးလှသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအနေဖြင့် အလုပ်များလှသည် ဖြစ်၍ ကျေးရွာအတွင်းလှည့်လည်၍ လိုအပ်ချက်များကို ဖြည့်ဆီးပေးနိုင်မှုမရှိခြင်း၊ သို့သော် တပိုင်တနိုင် လုပ်ကိုင်နိုင်စွမ်းရှိသည်များလည်းရှိပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁၉ | ၄၀% | ၁၄၅ | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၉ | ၇% | ၂၃- | ၁ | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၁% | ၂ | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၁% | ၁ | ၂၃ | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁% | ၁ | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁% | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၉ | ၃% | ၇ | - | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၁% | ၁ | ၂ | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁% | - | ၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၆ | ၅% | ၁၇ | ၉ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၁% | - | ၂ | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ | - | | | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| **၁၄** | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| **၁၅** | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| **၁၆** | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၂၂ | |
| **၁၇** | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | ၂ | |
| **၁၈** | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| **၁၉** | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၁၉ | ၄၀% | ၃၉ | - | |
| **၂၀** | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | ၂ | |
| | **စုစုပေါင်း** | **၂၉** | **၁၀၀ %** | **၂၃၆** | **၂၆** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။** မိမိကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများလည်း ရှိပါသည်။ ရာသီအလိုက် အငှားလုပ်သူများလည်းရှိသည်။ လူငယ်အများစုမှာအကျင့်ပျက်နေ၍ အလုပ်သမား ရှားပါးမှု အခက်အခဲလည်းတွေ့ရှိရသည်။ လက်သမား၊ပန်းရံ ကိုယ်ပိုင် လုပ်ငန်းများလည်းရှိသည်။ ကျပန်းလုပ်ကိုင်သူမှာ များပြားလှသည်။ စက်ကရိယာများ နှင့် အလှပြင် ကျွမ်းကျင်ပညာရှင်များမရှိပါ။ ပညာရေးနှင့်ပတ်သက်၍ အသင့်အတင့်ရှိပါသည်။ လူငယ်အများစုမှာ စိုက်ပျိုးရာသီကုန်ချိန်တွင် မော်တက်၍ ကျောက်ရှာခြင်းလုပ်ငန်းကို အချိန်ဖြုန်းလေ့ရှိသည်။ မိမိ၏ရွာနီးစပ်တွင် သတ္တုတူးဖော်ရေး ကုမ္ပဏီများသာ ရှိသည်။ လူငယ်တချို့လဲ ၎င်းကုမ္ပဏီများတွင် ဝင်ရောက်၍ လုပ်ကိုင်ကြသည်ကို တွေ့ရှိရသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ | နေ့စား | ၅၀၀၀ | ၄၀၀၀ | - | - | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | ထုတ်လုပ်ခြင်း | | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၃၀၀၀ | ၂၀၀၀ | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၄၀၀၀ | ၂၀၀၀ | - | - | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသောလုပ်ငန်းအမျိုးအစား ၄ မျိုးရှိသည်ကို တွေ့ရသည်။ လယ်ယာလုပ်ငန်းတွင် အမျိုးသား အများဆုံးလုပ်ခမှာ ၅၀၀၀ ကျပ် နှင့် အနည်းဆုံးလုပ်ခမှာ ၄၀၀၀ ကျပ်ဖြစ်သည်။ အမျိုးသမီးအများဆုံးလုပ်ခမှာ ၄၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ ၃၅၀၀ ကျပ် ဖြစ်ပါသည်။

ရွှေတူးလုပ်ငန်းတွင် အမျိုးသား အများဆုံးလုပ်ခမှာ ၅၀၀၀ ကျပ်နှင့် အမျိုးသမီး အများဆုံး လုပ်ခမှာ ၄၀၀၀ ကျပ်ဖြစ်ပါသည်။

ဆောက်လုပ်ရေးပန်းရံ၊ လက်သမားလုပ်ငန်းတွင် အမျိုးသား အများဆုံးလုပ်ခမှာ ၃၀၀၀ ကျပ် နှင့် အမျိုးသမီးအများဆုံးလုပ်ခမှာ ၂၀၀၀ ကျပ် ဖြစ်ပါသည်။

ဤလုပ်ငန်းအားလုံးတွင် အလုပ်ချိန်နှင့် လုပ်အားစိုက်ထုတ်မှု၊ ပင်ပန်းမှုချင်းတူသော်လည်း လုပ်အားခ အနေဖြင့် ကျား/မ ခွဲခြားမှု၊ မမျှတမှုရှိသည်ကို တွေ့ရသည်။

## (၁.၃) သဘာဝရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့** | **ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)** | **ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)** |
|---|---|---|---|---|
| လယ်မြေ | ၅၁၀.၉၆ | သင့် | လုံလောက်စွာရရှိသည်။ | |
| ယာမြေ /တောင်ယာ | ၂၈ | | | |
| ဥယျာဉ်ခြံမြေ | ၇ | | | |
| အိမ်ခြံဝင်း စိုက်ခင်း | - | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | ၃၆ | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | - | | | |
| ကိုင်း/ကျွန်းမြေ | - | | | |
| စားကျက်မြေ | - | | | |
| ပလပ်မြေ | - | | | |
| အခြား | - | | | |
| **စုစုပေါင်း** | **၅၈၁.၉၆** | | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်**။ ။ရေရှိသည့် -ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။ ။** ရေရရှိမှုနှင့်ပါတ်သက်၍ချောင်းရေကို သွယ်တန်း၍ စိုက်ပျိုးနိုင်ကြသည်။ သွယ်တန်း၍မရနိုင်သော လယ်များမှာ မိုးရေခံလယ်များအဖြစ်စိုက်ပျိုးကြရသည်။ လယ်မြေအများစုမှာ မိုးရာသီကိုသာ ဦးစားပေး၍ စိုက်ပျိုးကြသည်ကိုတွေ့ရှိရသည်။ ကျန်ရာသီများတွင် ရေခက်ခဲမှုရှိသည့် အတွက် စိုက်ပျိုး ထွန်ယက်မှု မလုပ်နိုင်သည်ကို တွေ့ရသည်။

## (၁.၃.၂)　　ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)** |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | | |
| အခြား ရင်းမြစ်များ | နည်း | ခက် |
| **အခြားသဘာဝရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | ခက် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။**　　။　ဓာတ်သတ္တုများထွက်ရှိမှုမရှိပါ။ သဘာဝအရင်းမြစ်များ အဖြစ်ကျောက်မျက်များထွက်ရှိသည်ယခုချိန်တွင်ရှားပါးခဲ့သည်ဖြစ်၍ ခက်ခဲလှသည်ကိုတွေ့ရှိရပါသည်။　သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်းရှားပါးသည်။ နွားစာနှင့်ပါတ်သက်၍ စားကျက်မြေမှာ သီးသန့် မရှိသည့်အတွက် ခက်ခဲမှုတော့ရှိသည်။ ဆေးဘက်ဝင်အပင်များလည်းရှိသည်။　သို့သော်　ရှာဖွေသူ၊　စုဆောင်းသူ၊ ရောင်းချသူများအလွန်နည်းပါးသည်။

## (၁.၄)　ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧကနှင့် အထက် | ၁၀ ဧက ၅ ဧက | ၅ ဧက ၁ ဧက | မရှိ |
| အိမ်အခြေအနေ | တိုက်အိမ် | ပျဉ်ထောင်ပျဉ်ခင်း | ထရံကာ၊သက်ငယ်မိုး | သက်ငယ်မိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်၊ကား၊ ချွေလှေ့ | ကျွဲ၊နွား၊လက်တွန်း ထွန်စက် | လှည်း၊နွား၊ကျွဲ | မရှိ |

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | အရောင်းအဝယ် | | | |
| အိမ်ထောင်စု - ၁၈၉ | ၆ ( ၂%) | ၅၅(၁၉ %) | ၁၃၀ (၄၅ %) | ၁၀၀ (၃၄ %) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဥစ္စာဓနအဆင့် အခြေအနေအရ လေ့လာတွေ့ရှိချက်မှာ ကွာခြားလှသည်ကိုတွေ့ရှိရပါသည်။ ချမ်းသာသည့်အုပ်စုမှာ အလွန်ချမ်းသာပြီး ဆင်းရဲသည့်အုပ်စုမှာ အလွန်ဆင်းရဲလှသည်ကို တွေ့ရှိရသည်။ အချို့တောင်သူများသည် လယ် ၃ ဧက ၊ ၄ဧကပိုင်သော်လည်း ဆင်းရဲလှသည်ကိုတွေ့ရှိရပါသည်။ ရာသီလိုက်ရှာဖွေ စားသောက်ကြရသည်ကို တွေ့ရှိခဲ့သည်။ ပျမ်းမျှ ရာနှုန်းမှာ အထက်ပါဇယားအတိုင်းဖြစ်သည်။

### (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **အိမ်ထောင်စု %** | **ဖြေရှင်းသည့်နည်းဗျူဟာ** |
|---|---|---|---|
| ၃ လအောက် | ၁ | | |
| ၃ လနှင့် ၅ လ အထိ | ၅ | | |
| ၆လ မှ ၁၂ လ အထိ | ၇၄ | | |

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဥစ္စာဓနအဆင့် ၄အိမ်ထောင်စုများမှာ များသောအားဖြင့် ၆ လမှ ၁၂ လအထိ နပ်မှန်အောင် စားနိုင်ကြသည်။ သို့သော်လည်းချေးငှား၍ စားသောက်သည်ကိုလည်း တွေ့ရှိရသည်။

တစ်မိုင်ခန့်ဝေးသော မော်ဟန်တွင်အမိန့်ရအပေါင်ဆိုင်ရှိသည်။ သွားရောက်၍ ပေါင်နှံစားသောက်ဖို့ ဖြေရှင်းခဲ့ရသည်ကိုလည်းတွေ့ရှိရပါသည်။ အချို့လည်းချေးငှားခြင်းမရှိ ဝမ်းစာအတွက် ဖြေရှင်းနိုင်သော အိမ်ထောင်စုများလည်းရှိသည်ကိုလည်း တွေ့ရှိရသည်။

## (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၄၆ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၄ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၂ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။။** ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများမှာနည်းပါးလှသည်။ သက်ကြီးရွယ်အိုများလည်း စောင့်ရှောက်မှုရှိပါသည်။ မသန်စွမ်းသည့်ပုဂ္ဂိုလ်များလည်း မိမိကျေးရွာတွင် မရှိပါ။ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောသူများ မရှိပါ။ တပိုင်တနိုင် မိမိကိုယ်တိုင်ရှာဖွေ စားသောက်နိုင်သည်ကို တွေ့ရှိရပါသည်။ မိမိအခက်အခဲများကို မိမိကိုယ်တိုင်ဖြေရှင်း၍နေနိုင်ကြသည် ကိုလည်းတွေ့ရှိရပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် | |
| ၃ | ရေကြီးခြင်း | မြင့် | |
| ၄ | မိုးခေါင်ခြင်း | မြင့် | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | လတ် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | ငလျင် | နိမ့် | |
| ၈ | မီးဘေး | လတ် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | လတ် | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | |
| ၁၃ | တီဘီရောဂါ | နိမ့် | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | |
| ၁၉ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ထိခိုက်လွယ်မှုအခြေအနေများလဲရှိသင့်သလောက်ရှိသည်။ မိုးအလွန်များသည့်နှစ်များတွင်ချောင်းဘေးလယ်များနှင့်ချောင်း တာဘောင်ကျိုးနိုင်သည့်ဖြစ်၍ ထိခိုက်တက်ရောက်မှု အခြေအနေရှိနိုင်သည်ကို တွေ့ရှိရသည်။ တိရိစ္ဆာန်များကိုလည်း တိမွေးကုဌာနမှ နှစ်စဉ်ဆေးပုံမှန်ထိုးပေးနိုင်လျှင် ကူးစက်ရောဂါကျရောက်မှု မရှိနိုင်ပါ။ သစ်တောမှာလည်း ပြုန်းတီးနေသည်ကို တွေ့ရှိရပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | လတ် | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | - | |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | |
| ၁၅ | ဆေးစွဲသူများ | မြင့် | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | လတ် | |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | - | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၂၀ | ကားသမား | နိမ့် | |
| ၂၁ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။မိမိကျေးရွာတွင်ထိခိုက်ခံရနိုင်သူများမှာလူငယ်အများစုသာဖြစ်သည်။ နောက်ဆက်တွဲထိခိုက်မှုများမှာ ငှင်းဆေးစွဲသူမား၏မိဘများသာဖြစ်သည်။ အခြားထိခိုက်မှုများမှာ မရှိသလောက်ပင် ဖြစ်သည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ပြည်သူ့စစ် | ၂ | ၃၀ | ၀ | ၃၀ | ရပ်ရွာအေးချမ်း လုံခြုံရေး | ၄ | ၇ |
| ၂ | မီးသတ် | ၂ | ၂၀ | | ၂၀ | ရပ်ရွာအေးချမ်း လုံခြုံရေး | ၄ | ၇ |
| ၃ | မိခင်နှင့်ကလေး | | | ၂၀ | ၂၀ | အခြား | ၄ | ၇ |
| ၄ | ဝတ်ရွတ် | ၂ | ၀ | ၃၀ | ၃၀ | သာရေးနာရေး | ၄ | ၇ |
| ၅ | လူငယ် | ၂ | ၃၀ | ၄၅ | ၇၅ | သာရေးနာရေး | ၄ | ၇ |
| ၆ | ကြက်ခြေနီ | ၂ | ၁၀ | ၁၀ | ၂၀ | ကျန်းမာရေး | ၄ | ၇ |
| ၇ | ဘာသာရေးအဖွဲ့ | ၂ | | | | သာရေးနာရေး | ၄ | ၇ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။

ကျေးရွာလူထုအခြေပြုအဖွဲ့အစည်းများနှင့်ပါတ်သက်၍ပြောင်းလဲတိုးတက်မှု အသင့်သင့်သာရှိသည်။ စီးပွားရေးအခြေခံထားသောလယ်သမားများလည်း အသင့်သင့်သာရှိသည်။ ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့များလည်း အသင့်သင့်ပြောင်းလဲတိုးတက်ခဲ့သည်။ လုပ်ဆောင်နိုင်မှု အားလုံးတို့သည် ကျေးရွာ၏လူထုကိုယ်တိုင်သာဖြစ်ကြောင်းတွေ့ရှိရပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသည် ကျန်ပြင်ပဖွံ့ဖြိုးရေးအဖွဲ့များနှင့် ဆက်စပ်မှု အားနည်းနေသည်ကို တွေ့ရသည်။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၇၅ | ၆၈.၈% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၂၂ | ၁၃.၂% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၆၂ | ၁၀.၁% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၃၂ | ၇.၉% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၁ | ၀% | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၈၉** | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ မိမိကျေးရွာတွင်မြေယာပိုင်ဆိုင်မှုအုပ်စုမှာအလွန်နည်းလှသည်ကို တွေ့ရှိရပြီး အများစုမှာ မြေမဲ့ယာမဲ့များဖြစ်ပါသည်။ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စုများလည်း သီးနှံထုတ်လုပ်မှု အသင့်သင့် ကောင်းမွန်သည်။

### (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ | ရေသောက်ဧက | ရရှိနိုင်မှု |
|---|---|---|---|---|

| | | /ပုဂ္ဂလိက | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
|---|---|---|---|---|---|
| ၁ | ဆည် | ပုဂ္ဂလိက | | ရာသီအလိုက် | မရှိ |
| ၂ | ရေလွှဲဆည် | - | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | - | | | |
| ၄ | အဝီစိတွင်း | - | | | |
| ၅ | လက်ငင် ရေတွင်း | - | | | |
| ၆ | စိမ့်စမ်းရေ | - | | | |
| ၇ | ချောင်းရေ | ပုဂ္ဂလိက | | ရာသီအလိုက် | မရှိ |
| ၈ | အခြား | - | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ မိမိကျေးရွာတွင် ကိုယ်ထူကိုယ်ထရေလွှဲဆည်ဖြင့်သာ စိုက်ပျိုးနေကြရသည်ကို တွေ့ရှိရပါသည်။ ချောင်းရေကို အခြေခံ၍ မိမိဆည်အတွင်း ရေအောက်သွယ်တန်း၍ ယူကြရသည်။ ရေသွယ်တန်း၍ယူစဉ် အောက်လယ်များ ရေအခက်အခဲ ရှိသည်ကိုလည်းတွေ့ရသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့် ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၅၁၀.၉၆ | | | | ၈၀ | ဇူလိုင်လ | နိုဝင်ဘာလ | လတ် | လတ် | |
| မြေပဲ | ၁၈၀ | | | | ၅၀ | ဇန်နဝါ | ဧပြီလ | လတ် | လတ် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်အဓိကလုပ်ငန်းမှာ စပါးစိုက်ပျိုးခြင်းနှင့် မြေပဲကို

အဓိကစိုက်ပျိုးခြင်းဖြစ်သည်ကို တွေ့ရှိရသည်။ စပါးအထွက်နှုန်းမှာ ၁ ဧကလျှင် ပျမ်းမျှ ၈၀ တင်းခန့် ထွက်ရှိပြီး မြေပဲမှာ ၁ ဧကလျှင် ၅၀ တင်းခန့် ထွက်ရှိသည်ကို တွေ့ရှိရသည်။

### (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၁ | - | - | - | - | | |
| လက်တွန်းထွန်စက် | ၅၀ | - | - | - | ၅၁ | ၇၂ | |
| အစေ့ချ ကိရိယာ | - | | | | | - | |
| ရိတ်သိမ်းခြွေလှေ့စက် | - | | | | | - | |
| ရိတ်သိမ်းစက် | - | | | | | - | |
| ခြွေလှေ့စက် | | - | - | - | - | | |
| ရေစုပ်စက် | | - | - | - | - | - | |
| ခြေနင်းရေတင်စက် | - | | | | | | |
| မြက်ရိတ်စက် | - | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်လယ်သမားအများစုမှာ စက်ပိုင်နည်းပါးလှသည်။ စက်ပိုင်ရှိသူများ၏ လယ်ယာလုပ်ငန်းများ ဆောင်ရွက်အပြီးတွင် အခြားတောင်သူများမှ ငှားရမ်းလုပ်ကိုင် ကြရသည်ကို တွေ့ရှိရသည်။ လယ်ယာလုပ်ငန်းများအတွက်လိုအပ်သော စက်ကိရိယာများ အရစ်ကျ ဝယ်ယူရရှိလိုသည်ကို တွေ့ရှိရသည်။

### (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ | စိုက်ပျိုးမြေရရှိမှု နည်းပါးလာပြီ ၊မြေဆီသြဇာများညံ့ဖျင်းလာပါသည်။ |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေဆီသြဇာ) | |
| ရေရင်းမြစ် | ရေရင်းမြစ်မှာ ခန်းခြောက်စပြုနေပါသည်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | သုံးစွဲမှုများရှိပါသည်။ |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | အနည်းငယ်သုံးစွဲပါသည်။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | ရရှိ၊အစိုးရဘဏ်မှချေးငွေဝန်ဆောင်မှုရှိ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | နည်းပညာ၊အုပ်ချုပ်ရေးဝန်ဆောင်မှုရှိပါသည်။ |
| သွင်းအားစုဈေးကွက် | ကျေးရွာအတွင်းရောင်းချမှုလွယ်ကူသည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | သတ်မှတ်ဈေးကွက်မရှိ၊ကုန်သွယ်မှုကောင်းသည်။ |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်စိုက်ပျိုးမြေများမှာ အချို့လယ်များသည် တိုးချဲ့နိုင်သော်လည်း ရေလုံလောက်မှုမရှိသဖြင့် မတိုးချဲ့နိုင်ပါ၊ မြေဆီသြဇာခန်းခြောက်နေသဖြင့် မြေသြဇာကို သုံးစွဲကြရသည်။ ပိုးသတ်ဆေးဖြန်းခြင်းလည်း အနည်းငယ်ရှိပါသည်။ စိုက်ဘဏ်မှ ချေးငွေဝန်ဆောင်မှုသာရှိပါသည်။ သွင်းအားစုဈေးကွက်မှာ မိမိကျေးရွာအတွင်း လုံလောက်မှုရှိပါသည်။ သတ်မှတ် ဈေးကွက်မရှိပါ။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | အချို့လယ်များအနည်းငယ်ချဲ့နိုင်သည်။ |
| မြေဆီသြဇာ အခြေအနေ | ညံ့ |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | ရှိ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | ရာသီလိုက်သာသုံးစွဲနိုင်သည်။ |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | ရှားပါးသည်။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | |
| စိုက်ပျိုးရေမလုံလောက်မှု | |
| ဖျက်ပိုးနှင့် ရောဂါ | အနည်းငယ်သုံးစွဲ |
| ဈေးကွက် လက်လှမ်းမီမှု | ရှိ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မရှိ |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးမလုံလောက်သဖြင့် တိုးချဲ့နိုင်သည့် လယ်မြေများလည်း မတိုးချဲ့နိုင်ပါ။ သဘာဝမြေဆီသြဇာခမ်းခြောက်နေပြီးဖြစ်သဖြင့် သဘာဝဓာတ်မြေသြဇာကို အသုံးပြုနေကြရသည်။ ကျွမ်းကျင်လုပ်သားများလည်းရှားပါးလာပါသည်။ စိုက်ပျိုးရေးသည်အဓိကဖြစ်သဖြင့် မိုးခေါင်လျှင် ပြဿနာဖြစ်ပေါ်လာနိုင်သည်ကို တွေ့ရှိရပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၈၇ | ၄၀၉ | |
| နို့စားနွား | - | - | |
| မြင်း | - | - | |
| ကျွဲ | ၅၁ | ၃၆၃ | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | - | - | |
| သိုး | - | - | |
| ဝက် | ၁၀၀ | ၂၉၄ | |

| **မွေးမြူရေးနှင့် ငါးလုပ်ငန်း** | **အိမ်ထောင်စု** | **ကောင်ရေ** | **မှတ်ချက်/အခြေအနေ** |
|---|---|---|---|
| ကြက် | ၄၃ | ၃၇၂ | |
| ဘဲ | - | - | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | |
| ပုဇွန်ကန် | - | - | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - | |
| အခြား | - | - | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်အဓိလုပ်ငန်းမှာစပါးနှင့်မြေပဲစိုက်ပျိုးကြသဖြင့်မွေးမြူရေးမှာမိသားစုတပိုင်တနိုင်သာလုပ်ကိုင်ကြသည်ကိုလည်းတွေ့ရှိရပါသည်။ငါးပုဇွန်၊ဂဏန်းစသောလုပ်ငန်းများသည် မည်သည့်ဌာနများနှင့် အဆက်အသွယ် မရှိခြင်းကြောင့် လုပ်ငန်းကိုလုပ်ကိုင်ခြင်းမရှိပါ။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | မရှိ(သင့်) |
| ရေရရှိမှု | မရှိ(သင့်) |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | သင့် |
| ချေးငွေ | သင့် |
| သွင်းအားစုဈေးကွက် | သင့် |
| ဝန်ဆောင်မှုဈေးကွက် | သင့် |
| ထုတ်ကုန်ရောင်းဝယ်မှု | သင့် |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | သင့် |
| အခြား | - |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | - |
| ဈေးငွေ | - |
| သွင်းအားစု လက်လှမ်းမီမှု | - |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | - |
| ထုတ်ကုန်ရောင်းဝယ်မှု | - |
| အခြား | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ ရှိချက်။** ။ ကျေးရွာတွင်မွေးမြူရေးကဏ္ဍနှင့်တိုးတက်စေရန်အခွင့်အလမ်းများလည်း ရှိသည်။ တဦးချင်းပိုင် အကွက်အလွတ်များနှင့် မိမိအိမ်ခြံဝင်းအတွင်း လုံလောက်သော အကျယ်အဝန်း များလည်းရှိကြသည်။ သို့သော် မျိုးတိရစ္ဆာန်လက်လှမ်းမှီမှုမရှိခြင်း၊ သွင်းအားစုဈေးကွက်မရှိခြင်း၊ ဝန်ဆောင်မှုမရှိခြင်း၊ နည်းပညာအကူအညီမရှိခြင်းတို့ကြောင့် မွေးမြူရေးကဏ္ဍနှင့် တိုးတက်စေရန် အခွင့်အလမ်းများ ပိတ်နေသည်။ အထက်ပါဝန်ဆောင်မှုများသာရရှိနိုင်လျှင် အခွင့်အလမ်းများ ရှိလာနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာတွင် တနိုင်တပိုင်သာ မွေးမြူ ကြရပါသည်။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ဈေးငွေရရှိနိုင်မှု | လက်လှမ်းမီမှုမရှိ၊လုပ်ကိုင်ရကောင်းမှန်းမသိ |
| ကူးစက်ရောဂါဖြစ်ပွားမှု | မိသားစုတပိုင်တနိုင်မွေးမြူ၍နှစ်စဉ်ကာကွယ်ဆေးမထိုး |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာလည်းမရှိ၊နည်းလမ်းကောင်းများလည်းမရှိ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | လိုင်စင်၊လေလံနှင့်လက်လှမ်းမီမှုမရှိ |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | - |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ဈေးငွေရရှိနိုင်မှု | - |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ မိမိကျေးရွာတွင် မွေးမြူရေးနှင့်ပါတ်သက်၍ ဈေးငွေ လက်လှမ်းမှီမှုများ မရှိခြင်း၊ နည်းပညာနှင့်ကူးစက်ရောဂါကာကွယ်နိုင်မှုများ အချိန်မှီ တားဆီးနိုင်မှုများမရှိခြင်း၊ စီးပွားဖြစ် မွေးမြူရေးအတွက် လိုင်စင်/လေလံလက်လှမ်းမှီမှုနှင့် အထိအတွေ့မရှိခြင်းစသည်ဖြင့် မွေးမြူရေး လုပ်ငန်းများကို တွင်ကျယ်စွာမမွေးမြူနိုင်ခြင်းတို့သည် ပြဿနာနှင့်စိန်ခေါ်မှုများသာ လေ့လာတွေ့ရှိ ရပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | ၃ | ၂၃ | ၁ | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၁ | ၁ | ၁ | ဆန်စက်လုပ်ငန်းမှာ ရပ်တည်နိုင်မှုမြင့်ပြီး ယိုစုံ ထုတ်လုပ်ငန်းမှာ မိသားစု တစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်ကာ ရပ်တည်နိုင်မှု နိမ့်သည်။ |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | - | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၁၀ | - | ၇ | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၁ | ၂ | ၁ | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၁ | ၃ | - | |
| ၇ | လက်လီ- လက်ကားရောင်းဝယ်ရေး | ၁၅ | ၉ | ၁၇ | |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၁ | ၂ | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | - | - | - | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | - | - | - | |
| ၁၃ | ပညာရေး | - | ၂၂ | - | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၄ | ကျန်းမာရေး | - | ၂ | - | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | - | - | - | |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | ၁၁၉ | - | ၃၉ | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | - | ၂ | - | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | **၁၅၁** | **၆၆** | **၆၆** | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။**

ကျေးရွာတွင်စိုက်မွေးမဟုတ်သောအလုပ်အကိုင်သူအများအပြားရှိကြသည်။ ကျောက်မျက်တူးဖော်ခြင်း၊ ဆောက်လုပ်ရေးလက်သမားများ၊ ပန်းရံများ၊ ပညာရေးလုပ်သားများ၊ ကျန်းမာရေးလုပ်သားများ၊ အိမ်များတွင်အငှားလိုက်လုပ်သူများ၊ ကျောက်တွင်းကုမ္ပဏီများတွင် လခစားများ/နေ့စားများ လုပ်ကိုင်ကြသည်။ ဆန်လက်လီလက်ကားရောင်းဝယ်ရေးများလည်း ရှိကြသည်။ အပ်ချုပ်ဆိုင်နှင့်ဆိုင်ကယ်ဝပ်လျှော့များလည်းရှိသည်။ ဈေးသည်များလည်းရှိကြသည်။ ၎င်းတို့၏အသက်မွေးမှာ နိမ့်၊လတ်နေရာတွင် ရှိကြသည်။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ကိုယ်စွမ်းကိုစရှိသည်။<br>ပညာတတ်လူငယ်များရှိကြသည်။<br>ကျေးရွာပိုင်မြေနေရာများရှိသည်။<br>သဲကျောက်များပေါများသည်။ | လုပ်ငန်းလုပ်ရာတွင် နားလည်သဘောပေါက်လွယ်သည်။ |
| | |
| | |
| | |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လူငယ်အချို့တွင်ပြဿနာအနည်းငယ်ရှိသည်။ ဆေးစွဲမှုနှင့်အလုပ်ကိုလက်ကြောတင်းအောင်မလုပ်ခြင်း၊အဖော်အပေါင်းသင်းနှင့်အိမ်မကပ်ခြင်းစသည့်အလေအလွင့်နေတတ် ကြသည်။ ကျေးရွာတွင်ကုမ္ပဏီများ စက်ရုံကြီးများရှိပါက လူငယ်များနှင့်ကျဘမ်းသမားများတွင်စီးပွားရေး အခွင့်အလမ်းများပွင့်လမ်းနိုင်ပါသည်။ အလုပ်ထဲတွင်စိတ်ဝင်စားမှုဖြင့်လူငယ်များ၏အစွဲအလမ်းများကိုလည်း တားဆီးနိုင်သည်ဟု ယူဆရပါသည်။

ဇယား(၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ရွာအတွင်းလူငယ်အချို့မှကျောက်တွင်း၌အချိန်ကုန်နေတတ်ကြသည်။<br>ဆေးစွဲလူငယ်များပြားလာသည်။<br>နေ့စားဈေးနှုန်းနိမ့်၊မြင့်ရှိသည်<br>အလုပ်ရှားပါသည်။ | အလုပ်ရှားပါးမှုကြောင့် စားဝတ်နေရေးအတွက်အခက်ခဲရှိသည်။ |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လူငယ်အချို့သည် အလုပ်ကို ထိထိမိမိ မလုပ်ကိုင်လိုကြခြင်းကြောင့်အလုပ်သမားရှားပါးမှုများရှိသည်။ နေ့စားခ ဈေးနှုန်းသည်လည်း ကျောက်တူးလုပ်ငန်းများကြောင့်

ဈေးနှုန်းပျက်စီးနေပြီး အလုပ်သမားငှားရမ်းရန် ခက်ခဲသည်ကို တွေ့ရှိရသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၅၅ | ၄၆ | ၃၇ | ၈၃ | ၄၆ | ၃၆ | ၈၂ | - | ၁ | ၁ |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ | - | | | | | | | - | - | - |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | ၁၇ | ၁ | ၁၈ | ၁၇ | ၁ | ၁၈ | | | |
| | ၆ လ အထိ | - | ၆ | ၃ | ၉ | ၆ | ၃ | ၉ | | | |
| | ၁၂ လ အထိ | - | ၃ | ၅ | ၈ | ၃ | ၅ | ၈ | | | |
| | ၁၂ လ အထက် | - | ၂၀ | ၂၇ | ၄၇ | ၂၀ | ၂၇ | ၄၇ | | ၁ | ၁ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသည်ရွှေမော်ကျောက်မော်နှင့်နီးသောကြောင့် အမျိုးသားရောအမျိုးသမီးများ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ကြပါသည်။

### (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၈၂ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိအလုပ်လုပ်နိုင်သောလူဦးရေစုစုပေါင်း၏ ၉ ရာခိုင်နှုန်းခန့်သည် ဝင်ငွေအခွင့်အလမ်းများရှာဖွေရန်ရွှေ့ပြောင်းသွားလာရှာဖွေကြသည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၅၅ | | | ၅၅ | |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | ၅ | ၁% | - | - | - |
| | - ဘဏ် | | | - | - | - |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | ၅၀ | ၁၇% | - | - | - |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | - | | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိလူဦးရေ၏ ပြန်ပို့ငွေကိုမှီခိုနေရသောအိမ်ထောင်စုမှာ အလယ်အလတ်သာရှိသည်။ အများအားဖြင့်ငွေကို လူကြုံနှင့်လွှဲပို့ခြင်းလမ်းကြောင်းဖြင့် ပြန်လည်ပေးပို့ကြသည်။

## (၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ၁ မိုင် | ၂၀ မိုင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ | ကုန်းလမ်း | ကုန်းလမ်း |
| ကုန်စည်အမျိုးအစားနှင့် | ကား | |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ဝန်ဆောင်မှုပေးနိုင်မှု | | |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကုန်စည်နှင့်ဝန်ဆောင်မှုများဈေးကွက်မရှိပါ။ အနီးဆုံးဈေးကွက်ဖြစ်သော မော်ဟန်ဈေးသည် ကျေးရွာအတွင်းတည်ရှိပြီး အခြေခံစားသောက်ကုန်နှင့် အဝတ်အထည်များ လက်လှမ်းမီသည်။ အကြီးစားဈေးကွက် မိုးညှင်းနှင့် ၂၀ မိုင်ကျော် ကွာဝေးပြီး ဆောက်လုပ်ရေး၊ ကူးသန်းရောင်းဝယ်ရေးများအတွက် ဈေးကွက်ရှိသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်၊ သ မချေးငွေ) | ကာလတို | | ၁.၅% | | ပုံစံ(၇)ရှိမှသာငွေချေးယူနိုင် |
| ပုဂ္ဂလိကဘဏ် | ကာလတို | - | - | - | - |
| ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ် | | | | | |
| ငွေချေးပေးသူ | ကာလရှည် | - | - | - | |
| အပေါင်ဆိုင် | - | - | - | - | - |
| မိတ်ဆွေနှင့်ဆွေ | | | | | - |

| **ချေးငွေရရှိနိုင်သည့်နေရာ** | **ငွေကြေးဝန်ဆောင်မှုအမျိုးအစား** | **ပြန်လည်ပေးဆပ်ရမည့် ကာလ** | **အတိုးနှုန်း (လ)** | **အပေါင်ခံပစ္စည်းလိုအပ်မှု** | **ချေးငွေရရန်အခက်အခဲများ** |
|---|---|---|---|---|---|
| မျိုးများ | | | | | |
| အခြား | - | - | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။ ။** ငွေကြေးလက်လှမ်းမှီမှုရှိပါသည်။ အစိုးရဘဏ်နှင့်စိုက်ပျိုးရေးဘဏ်များမှ လယ်သမားများအတွက်ချေးပေးပါသည်။ သို့သော် စိစစ်ကြပ်မတ်လွန်းသည်ကတကြောင်း သွားလာရေး ခရီးဝေး လွန်သည်ကတကြောင်းတို့ကြောင့် အနည်းစုသာထုတ်ချေးသည်ကို တွေ့ရပါသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| **အခက်အခဲ** | **အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|---|
| မြေဆီဩဇာ အခြေအနေ | လတ် | သဘာဝမြေဩဇာကုန်ခန်းခြင်း |
| အပင်မျိုးစိတ်များ | လတ် | လူအသုံးအဆောင်များအတွက်သုံးခြင်း |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | နိမ့် | ဖျက်ပိုးကျရောက်မှုနည်းပါး |
| ရေရင်းမြစ် | လတ် | မိုးကောင်းမှ လယ်ရေကောင်းသည်။ |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တောင်သူများအနေဖြင့်မြေဆီဩဇာကိုသာအဓိကထား၍သုံးစွဲနေကြသည်။ အပင်မျိုးစိတ်များမှာ လူအသုံးဆောင်များအတွက် အသုံးပြုခြင်းကြောင့် ရှားပါးလျက်ရှိသည်။ ရေအရင်းမြစ်မှာ ခက်ခဲမှုရှိသည်။ အခြားတိရစ္ဆာန်မျိုးကွဲများလည်း ထိန်းသိမ်းခြင်း မရှိသည့်အတွက် ရှားပါးလျှက် ရှိသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုမရှိပါ။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏% |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၃ | ၁၁ | ၁၄ | ၂% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၃၂ | ၂၀ | ၅၂ | ၄% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၄၈ | ၈၂ | ၁၃၀ | ၁၁% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၀၉ | ၂၉၀ | ၅၉၉ | ၅၀% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၅၇ | ၁၁၆ | ၂၇၃ | ၂၃% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၄ | ၂၆ | ၅၀ | ၄.% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၂၀ | ၅၀ | ၇၀ | ၆% |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၅၉၃** | **၅၉၅** | **၁၁၈၈** | ၁၀၀ |

ရင်းမြစ် ...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်စာမတတ်သူဦးရေအလွန်နည်းပါးလှသည်။ အနည်းဆုံးဘုန်းကြီးကျောင်းပညာရေးကိုသင်ယူတတ်မြောက်ခဲ့ကြပါသည်။ ၉ နှစ်အထိ မူလတန်းပညာရေးကို သင်ယူတတ်မြောက်ခဲ့သည့် ကျား/မပေါင်း ၁၃၀ ဦးခန့်တက်ရောက်နေပြီး အလယ်တန်းနှင့် အထက်တန်းပညာကို တမိုင်ခန့်ဝေးသော မော်ဟန်ကျောင်းကြီးတွင် သွားရောက်၍ ပညာသင်ယူနေကြရပါသည်။ တက္ကသိုလ်ပညာပြီးဆုံးသူဦးရေမှာ ကျား/မပေါင်း ၇၀ ဦး ခန့်ရှိပြီး ၃၀ ရာခိုင်နှုန်းခန့် မှာ အလုပ်လက်မဲ့ဖြစ်နေသည်။ အချို့လည်းမိဘကို ကူညီလုပ်ကိုင်နေသည်ကိုတွေ့ရပါသည်။

### (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏% |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၄၈ | ၈၂ | ၁၃၀ | ၉၂.၈၆% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၁၂၉ | ၁၀၁ | ၂၃၀ | ၁၃၆.၉၀% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၂၄ | ၂၆ | ၅၀ | - |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၂၀ | ၅၀ | ၇၀ | - |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ရွာရှိလူဦးရေပေါ် အခြေခံတွက်ချက်သော ကိန်းဂဏန်းများအရ မူလတန်းနှင့် အလယ်တန်း ကျောင်းတက်နှုန်းမှာ ကောင်းလှပေသည်။

## (၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | | | | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ရွာအတွင်းရှိ | | | | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | | | | | | |
| စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်) | ၁၂၀ ပေ၊ ၃၀ ပေ၊ ၂၄ ပေ | | | | | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | သွပ်၊ အုတ်၊ အင်္ဂတေ၊ အခင်း | | | | | |
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | လုံလောက်မှုရှိ၊ အိမ်သာကောင်းသည်။ | | | | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရအမျိုးအစားနှင့် ကြိမ်ရေ) | ကိုယ်ထူကိုယ်ထ တစ်ပတ်(၁) ကြိမ် ကြက်ဆန်ပြုတ်တိုက်ကျွေး | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | | | | | | |
| ကျေးရွာခန့် | - | - | - | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ရွာတွင်းရှိသောမူလတန်းမှာ အသင့်သင့်ကောင်းမွန်နေသည်။ အင်္ဂဒေအခင်းများ ပေါက်ပြဲနေသည်မှအပ နံရံများလည်း ကောင်းမွန်နေသည်။ ဝန်ဆောင်မှုများလည်း

အသင့်သင့်တော့ရှိသည်။ သို့သော်မပြည့်စုံနိုင်ပါ။

### (၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| **အခက်အခဲ/ ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက်မှုရှိသည်။ |
| တပည့် - ဆရာ အချိုး | - |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | နည်းသည်။ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိပါ။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | လိုအပ်ချက်ရှိသည်။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | နည်းသည်။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | အနည်းငယ်သာ လက်လှမ်းမီသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ပူးပေါင်းပါဝင်မှုရှိသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျောင်းတွင်ဆရာ/ ဆရာမ ပြည့်စုံပါသည်။ လိုအပ်ချက်မရှိပါ။

### (၂.၈) ကျန်းမာရေးနှင့်အာဟာရ

### (၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | **ရောဂါ** | **ပျံ့နှံ့မှု/ဖြစ်ပွားမှု** | | | **မှတ်ချက် / သုံးသပ်ချက်** |
|---|---|---|---|---|---|
| | | **မြင့်** | **နိမ့်** | **မရှိ** | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | | √ | |
| ၂ | သွေးလွန်တုပ်ကွေး | | | √ | |
| ၃ | ငှက်ဖျား | | | √ | |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | | | √ | |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | | √ | |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၆ | တီဘီ | | | √ | |
| ၇ | ဆီးချို | | | √ | |
| ၈ | သွေးတိုး | | | √ | |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | | | √ | |
| ၁၀ | အာဟာရချို့တဲ့မှု | | | √ | |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | | | √ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ။ ကျန်းမာရေးနှင့်ပါတ်သက်၍ အဟာရချို့တဲ့မှုကြောင့်ဖြစ်ပွားမှုရောဂါမရှိပါ။ လိင်မှတဆင့်ကူးစက်နိုင်သော ရောဂါတချို့ရှိကြသည်။ ကျန်ရောဂါများမရှိပါ။ ကူးစက်နိုင်သည့် ရောဂါများ မရှိကြောင်းတွေ့ရသည်။

## (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံ့မှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံ့မှုနှင့် အာဟာရဆန်းစစ်မှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | √ | | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | √ | | |
| ၃ | ပိုလီယိုရောဂါ | √ | | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | √ | | |
| ၅ | ဝက်သက်ရောဂါ | √ | | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံ့မှု | √ | | |
| ၇ | အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ | | | |

| စဉ် | **ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ** | **ရှိ** | **မရှိ** | **မှတ်ချက် / သုံးသပ်ချက်** |
|---|---|---|---|---|
| | လက်မောင်းပတ်) | | | |
| ၈ | အာဟာရပညာပေးအစီအစဉ် | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်နှစ်စဉ်ကာကွယ်ဆေးများမော်ဟန် ကျေးလက်ကျန်းမာရေး ဌာနတွင်တိုက်ကျွေးလျက်ရှိပါသည်။အထက်ကျန်းမာရေးဌာနမှ ချပေးလာတောကာကွယ်ဆေးများကိုလည်း နှစ်စဉ်ထိုးပေးလျှက်ရှိကြောင်းတွေ့ရှိရပါသည်။

## (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| **ကျန်းမာရေး ဝန်ဆောင်မှု** | **ခရီး အကွာ အဝေး (မိုင်)** | **အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ)** | **ကျန်းမာရေး ဝန်ထမ်းဦးရေ** | **ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)** | **မှတ်ချက်** |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | | | ကျန်းမာရေးမှူး-<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ကြီးကြပ် (၁) –<br>ကြီးကြပ် (၂) –<br>တိုင်းရင်းဆေးကု-<br>အရပ်လက်သည်- | | |
| တိုက်နယ် ဆေးရုံ | | | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ - | | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | | |
| မြို့နယ် ဆေးရုံ | | | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | | |
| ဆေးဆိုင် | | - | ဆေးဝါးကျွမ်းကျင် သူ | လက်လှမ်းမှီမှု--<br>ဆေးဝါး--<br>သိုလှောင်ပုံစနစ်--<br>အအေးခန်းစနစ်-- | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးလက်ကျမ်းမာရေးဌာနမရှိသေးပါ။ လက်လီရောင်းချသော ဆေးဆိုင်များသာရှိပါသည်။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၁၀၁ | ကောင်း | √ | √ | √ | |

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| အဝီစိတွင်း (စက်တပ်) | ၁ | သင့် | √ | √ | √ | |
| အဝီစိတွင်း/တုံကင် | | | | | | |
| ကန် | ၃၃ | သင့် | | √ | | |
| မြစ်/ချောင်း | ၁ | သင့် | | √ | | |
| မိုးရေသိုလှောင်ကန် | - | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | ၈၀ | သင့် | √ | √ | √ | |
| အခြား | ၁၃၉ | သင့် | | √ | √ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ဆင်းရဲသည့်အပိုင်း၌ ပုဂ္ဂလိကအလှူထားသော်လည်း နွေရာသီ၌ရေခမ်းခြောက်ခြင်းကိုတွေ့ရှိရသည်။ ရွာအတွင်းပိုင်း၌ရှိသောရေတွင်းများနှင့် စိမ့်စမ်းရေသွယ်ယူထားသူများသည် ၁နှစ်ပါတ်လုံး လုံလောက်မှုရှိသည်။

### (၂.၉.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၂၈၃ | |
| ကျင်းအိမ်သာ | ၇ | |
| မြေပေါ်အိမ်သာ | ၁ | |
| တောထိုင် | ၁ | |
| **စုစုပေါင်း** | ၂၉၂ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးလက်အိမ်သာများနှင့် ပတ်သက်၍ဆိုးဆိုးရွားရွားမတွေ့ရှိပါ။ အနည်းဆုံးယင်လုံအိမ်သာကိုသာအသုံးပြုသည်ကိုတွေ့ရှိရပါသည်။

## (၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | √ | | အမျိုးသမီးများပါဝင်မှုရှိသော်လည်း အားနည်းပါသည်။ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | √ | - | |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | - | √ | |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | √ | - | |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများစီမံခန့်ခွဲမှုလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုရှိသော်လည်းအားနည်းပါသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း /ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်း | ၁ | ဆိုး | - | √ | | ၂ မိုင်ခန့် |
| ချဉ်းကပ်လမ်း | ၁ | | | | | |

| **လမ်း အမျိုးအစား** | **အမျိုးအစား (၁/၂/၃)** | **ကောင်း/ဆိုး** | **တည်ဆောက်ခဲ့သောနှစ်** | **ရာသီအလိုက် သုံးစွဲနိုင်မှု** | | **လမ်းအရှည် (မိုင်)** |
|---|---|---|---|---|---|---|
| | | | | **ပွင့်လင်းရာသီ** | **တစ်နှစ်ပတ်လုံး** | |
| ရွာချင်းဆက်လမ်း | ၁ | | | | | |
| အခြား | | | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

**လေ့လာတွေ့ရှိချက်။** ။ မော်ပင့်ကျေးရွာတွင်လမ်းများမှာမြေသားလမ်းများဖြစ်ကြသည်။ အဆင်ပြေသူ၏အိမ်ရှေ့လမ်းများဖြစ်သည်ကိုတွေ့ရသည်။မိုးရာသီတွင်သွားလာရေးခက်ခဲပါသည်။ ကျောင်းသားလူငယ်များသက်ကြီးရွယ်အိုများအတွက်အလွန်ပင်အခက်အခဲရောက်သည်ကိုတွေ့ရသည် ။

## (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| **တံတား အမျိုးအစား** | **အရွယ်အစား** | **ကောင်း/ဆိုး** | **တည်ဆောက်ခဲ့သောနှစ်** | **အသုံးပြုနိုင်သည့်ရာသီ** | |
|---|---|---|---|---|---|
| | | | | **ပွင့်လင်းရာသီ** | **တစ်နှစ်ပတ်လုံး** |
| ဆိပ်ခံတံတား | - | | | | |
| ကွန်ကရစ်တံတား | | | | - | |
| ကြိုးတံတား | | | | | |
| ရေပြွန် | | | | | |
| အခြား | - | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မော်ပင့်ကျေးရွာနှင့်မော်ဟန်ကျေးရွာသည်တံတား သုံးစင်းဖြင့် ဆက်သွယ်ထားပါသည်။ တံတားနှစ်စင်မှာကွန်ကရစ်တံတားဖြစ်ပြီး အလယ်တံတားမှာကျိုးပျက်၍နေ ပါသည်။

## (၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| **သယ်ယူပို့ဆောင်ရေး** | **အကွာအဝေး (မိုင်)** | **ယာဉ် အမျိုးအစား** | **ရာသီအလိုက် သုံးစွဲနိုင်မှု** | |
|---|---|---|---|---|
| | | | **ပွင့်လင်းရာသီ** | **တစ်နှစ်ပတ်လုံး** |
| မြစ်ကြောင်း | - | | | |
| ပင်လယ်ရေကြောင်း | - | | | |
| အခြား | - | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ရေကြောင်းသွားလာ အသုံးပြုမှုမရှိပါ။

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| **ယာဉ်အမျိုးအစား** | **စက်လှေ** | **လှေ၊ သမ္ဗာန်** | **စက်ဘီး** | **မော်တော်ဆိုင်ကယ်** | **သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ** | **ကား** | **မြင်းလှည်း** | **နွားလှည်း** |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၁၄၀ | ၃၀၂ | ၈ | ၉ | - | ၉၇ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဓိကအားဖြင့် စက်ဘီး၊ဆိုင်ကယ်များဖြင့်သာ ဒေသတွင်း ခရီးသွားလာနေကြသည်ကို တွေ့ရှိရပါသည်။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| **ရင်းမြစ်** | **အိမ်ထောင်စု** | **ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)** | **အခက်အခဲရှိ/မရှိ** |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၁၀၅ | ကောင်း | အခက်အခဲမရှိ |
| ဆိုလာစနစ် | ၂၃၇ | ကောင်း | အခက်အခဲမရှိ |
| အသေးစားရေအားလျှပ်စစ် | - | | |
| ဒီဇယ်သုံးအင်ဂျင် | ၁၁ | ကောင်း | အခက်အခဲမရှိ |

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| လေစွမ်းအင် | - | | |
| ဇီဝလောင်စာ | - | | |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိမိကျေးရွာနှင့်ပါတ်သက်၍ မဟာဓာတ်အားလျှပ်စစ်လိုင်း လေ့လာတွေ့ရှိချက်မှာ မပြည့်စုံသောဆင်းရဲနွမ်းပါသည့် အိမ်များမှာလျှပ်စစ်မီးသွယ်တန်းယူနိုင်မည့် အခြေအနေမရှိကြောင်း တွေ့ရှိရသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဥ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၂၄၆ | ၃၁ | ၁၂၅ | ၉၃ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိမိကျေးရွာတွင်ဆက်သွယ်မှုအခြေအနေအရတိုးတက်ပြောင်းလဲခဲ့သည်ကို တွေ့ရှိရသည်။ သတင်းနှင့်ပါတ်သက်၍ စိတ်ဝင်စားမှုရှိသောသူအချို့ ရှိသည်။ နည်းပညာရေးနှင့် ပါတ်သက်၍လည်း အသုံးပြုလျှက်ရှိကြောင်း တွေ့ရသည်။

## (၂.၁၄) ယဥ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဥ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိသည် |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိသည် |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | မရှိ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | မရှိ |
| ရိုးရာယဥ်ကျေးမှုထိန်းသိမ်းရေး | |

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| စာကြည့်တိုက်၊အင်တာနက်စသည်များ အား လက်လှမ်းမီမှု | မရှိ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လူငယ်များအတွက်အပန်းဖြေနိုင်မည့်နေရာ သီးသန့်ဟူ၍ မရှိပါ။ လူမှုရေးလုပ်ငန်းများတွင် လူငယ်များလည်း ပါဝင်လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ ဘာသာရေး လုပ်ငန်းများတွင်လည်း လူငယ်များအနေဖြင့်ပါဝင်ဆောင်ရွက်မှု အားနည်းလှသည်။ ယဉ်ကျေးမှုလည်း ထိန်းသိမ်းမှု အားနည်းသည်။ စာကြည့်တိုက်အင်တာနက်စသည်တို့ကိုလည်း လက်လှမ်းမှီမှုရှိသည်ကို တွေ့ရသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | မရှိပါ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | တောင်သူများအတွက်ရှိပါသည်။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | မရှိပါ |
| ရဲစခန်းများအား လက်လှမ်းမီမှု | ၁ မိုင်ခွဲခန့်အကွာတွင် မော်ဟန်ရဲစခန်းရှိပါသည်။ |
| အခြား | - |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ဘေးကင်းလုံခြုံမှုနှင့်ပါတ်သက်၍ သာမန်သာဖြစ်သည်။ နယ်မြေလုံခြုံရေးအတွက် ကျေးရွာပြည်သူ့စစ်အဖွဲ့ မီးသတ်အဖွဲ့နှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ တခါတရံလှည့်လည်တတ်ပါသည်။

### (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ် /သာမန် | ၂ | ၂ | ၁ | ၂ |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်။** ။ မိမိကျေးရွာတွင်ခိုးမှု၊ လူကုန်ကူးမှု၊ အကြမ်းဖက်မှုများမှာ သာမန်သာ တွေ့ရှိရသည်။ မူးယစ်ဆေးဝါး သုံးစွဲမှုများပြားလာပြီး စိုးရိမ်အမှတ်တို့ ကျော်လွန်နေသည်မှာ ထင်ရှားနေသည်ကို တွေ့ရှိရပါသည်။ ခိုးမှုသည်လည်း အနည်းငယ်တော့ရှိနေသည်ကို တွေ့ရှိရသည်။

**နောက်ဆက်တွဲ ၂**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ**

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • သဘာဝအရင်းအမြစ်များ | သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည်မြေပြန့်ဖြစ်ပြီး မြေဆီ ဩဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်းလယ်ယာ ထွက်ကုန်များကိုအလွယ်တကူသယ်ယူ ပို့ဆောင်ပြီးရောင်းချနိုင်သည်။ |
| • နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာ အားသာချက် | မော်ပင့်ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့် ဒေသတွင်တည်ရှိပြီး၊ ရွှေဘို–မြစ်ကြီးနားကားလမ်းမကြီးဘေး (၁)မိုင်ခွဲခန့်တွင်တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး အရ အထူးကောင်းမွန်မှုရှိပြီး၊ တစ် နှစ် ပတ်လုံး လွယ်ကူချောမွေ့ စွာသွားလာနိုင်ပေသည်။ |
| • ရပ်ရွာတည်ငြိမ်အေးချမ်းမှု | ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်း မှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ |
| • ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးရွာအတွင်းမှဖွဲ့စည်းထားသောလူထုအခြေပြု အဖွဲ့အစည်းများ အတော်အသင့်ရှိပြီး အစိုးရဌာနများနှင့် အချိတ်အဆက်မှု အတင့်အသင့်ရှိသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် လူထုကိုယ်တိုင်ဆောင်ရွက်ကြပြီး ပြင်ပအဖွဲ့စည်း နှင့် ချိတ်ဆက်မှု အားနည်းသည်။ |
| • ဆက်သွယ်ရေး | ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ |

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| | ကျေးရွာတွင် အင် တာ နက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်း မွန်ပြီး အခြားသတင်းအချက် အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ |
| • ကျန်းမာရေးအဆောက်အအုံနှင့် ဝန်ဆောင်မှုများ | ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း မိုးညှင်းဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ |
| • ကျေးရွာလျှပ်စစ်မီး | ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာ သည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်း၊အားလပ်ချိန်များတွင် ဗဟုသုတရဖွယ်သုတ၊ရသနှင့် သတင်းအစုံအလင်အားတီဗွီဖန် သားပြင်မှကြည့်ရှုနိုင်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားရေးလာရေးအတွက် အထောက် အကူပြုနေသည်။ |

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု | ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတား စိန်ခေါ်မှု အများအပြား မတွေ့ရှိရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင်အားပြိုင်မှုအချို့ရှိနေ ကြောင်း တွေ့ရှိရသည်။ ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်း ဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှုအနည်းငယ်အားနည်းကြောင်း တွေ့ရှိရသည်။ |
| • သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲမှု ကန့်သတ်ချက်များ | စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ် မြေရိုင်း များ ထပ်မံ မတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှု |

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| | တိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ သဘာဝရင်းမြစ်အဖြစ် ကျောက်မျက်များ ထွက်ရှိသော်လည်း အလွန်အကျွံ ထုတ်ယူမှု များကြောင့် ရှားပါးလာသည်။ |
| • လူမှုစီးပွား ကဏ္ဍ | ကျေးလက်ကျန်းမာရေးဌာ နနှင့် ဆေးပေးခန်းမရှိသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် အခြားဒေသသို့ (မိုးညှင်း ဆေးရုံများ သို့) သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှု နှင့် ငွေကြေးကုန်ကျမှုများ ရှိပေသည်။ ကျမ်းမာရေး အသိပညာပေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်နေသေးသည်။ သန့်ရှင်းသော သောက်သုံးရေသန့်ရရှိရန် လိုအပ်သည်။ |
| • နည်းပညာ၊ ဝန်ဆောင်မှုများ | ခေတ်မီစိုက်ပျိုးရေနည်းပညာ သိရှိရန်လိုအပ်ပြီး မိရိုးဖလာ တစ်သီးစား စိုက်ပျိုးရေးကိုသာ အသုံးပြုနေသေးသည်။ ဓါတ်မြေသြဇာ အလွန်အကျွံသုံးစွဲခြင်းဖြင့် မြေဆီပျက်စီးခြင်း များဖြစ်ပေါ်နေပြီး သဘာဝမြေဆီ ပြုလုပ်အသုံးပြုသည့် နည်းလမ်းများ သိရှိရန်လိုအပ်သည်။ အခြားဒေသများသို့သွားရောက်လုပ်ကိုင်ခြင်းကြောင့် လုပ်သား ရှားပါးမှုပြဿနာရှိနေပြီး ၊လယ်ယာသုံး စက်ကရိယာများကို ပိုမိုအသုံးပြုလာခြင်းကြောင့် အရစ်ကျရောင်းချပေးနိုင်မည့် ကုမ္ပဏီများ၊ အစီအစဉ်များ နည်းပါးနေသေးသည်။ ငွေတိုးချေးသူများထံမှအတိုးနှုန်းမြင့်မားစွာဖြင့်ချေးယူရခြင်း နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးမည့် အဖွဲ့များနည်းပါး နေ သေးသည်။ |
| • အခြေခံအဆောက်အဦး ကဏ္ဍ | ကျေးရွာတွင်းလမ်း များနှင့် မော်ဟန်-မော်ပင့် ရွာချင်းဆက် တံတား ဆောက်လုပ်ရန်လိုအပ်သည်။ လူငယ်များအတွက် အားကစားကွင်းနှင့် အားကစားပစ္စည်း များလိုအပ်နေသည်ကို တွေ့ရပါသည်။ |
| • ဈေးကွက်လက်လှမ်းမီမှု ခက်ခဲခြင်းနှင့်ဈေးကွက် | မြို့နှင့် အလှမ်းဝေးသောကြောင့် သတ်မှတ်ဈေးကွက် မရှိခြင်းနှင့် ကုန်စည်ဈေးနှုန်း အတက်အကျများရှိခြင်း။ |

| **အဟန့်အတားများ၊ စိန်ခေါ်မှုများ** | **ရှင်းလင်းဖော်ပြချက်** |
|---|---|
| မရှိခြင်း | |
| • သဘာဝဘေးအန္တရာယ်များ ကျရောက်လျှင် တုန့်ပြန်နိုင်မှု | လေးတန်ချောင်း ရေကြီးလွှမ်းမိုးမှု အတွက် ထိရောက်သော လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအစဉ်များ လက်လှမ်းမမီခြင်း။ |
| • လူငယ်နှင့် ယဉ်ကျေးမှု | မူးယစ်ဆေးဝါးအန္တရာယ်သည် လူငယ်များအတွက် အဓိက ခြိမ်းခြောက်နေသော ပြဿနာဖြစ်နေခြင်းနှင့် လူငယ်များအတွက် အားကစားနှင့် ယဉ်ကျေးမှု ထိန်းသိမ်းရေး အစီအစဉ်များ နည်းပါးနေသေးခြင်း။ |

**ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စီမံအုပ်ချုပ်မှုစနစ်** | | | | | |
| | • အစုအဖွဲ့ဖြင့်စနစ်တကျလုပ်ကိုင်ရာတွင်ပါဝင်ဆုံးဖြတ်တိုင်ပင်၍ လုပ်ကိုင်နိုင်မှုအားနည်းခြင်း၊ လက်ရှိအဖွဲ့များလည်းချိတ်ဆက်မှုရှိခြင်း | • အစဉ်အလာအရခေါင်းဆောင်နှင့်တိုင်ပင်၍လုပ်ကိုင်တတ်ခြင်း | • အချင်းချင်းရင်းနှီးခင်မင်ကြခြင်း၊စုပေါင်းဆောင်ရွက်ချင်စိတ်ရှိခြင်း | • ဆင်းရဲသားများစိုးရိမ်သိမ်ငယ်စိတ်ရှိခြင်း၊ အလုပ်တစ်ခုလုပ်ရာတွင် တစ်ဦးတစ်ယောက်မျှဦးဆောင်နိုင်မှုမရှိခြင်း | • လူစွမ်းရည်နှင့်ဖွံ့ဖြိုးရေးသဘောတရားတို့ကိုအမြင်ဖွင့်ဟောပြောခြင်း၊ ကျေးရွာအဖွဲ့အစည်း များစွမ်းရည်မြှင့်တင်ပြီးသတင်းအချက်အလက်ဖြန့်ဝေမှု၊ပေါင်းစပ်ညှိနှိုင်းမှုပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ▪ ကျေးရွာအဖွဲ့အစည်းများစွမ်းရည် မြှင့်အစီအစဉ် များလုပ်ဆောင်ခြင်း<br>- ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်အခြားအထောက်အကူပြု ကော်မတီများ စနစ်တကျဖွဲ့စည်းခြင်း<br>- ခေါင်းဆောင်မှုသင်တန်း<br>- လေ့လာရေးခရီး<br>- အခြား |
| ၂ | **စိုက်ပျိုးရေး (သီးနှံ)** | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • နည်းပညာအသုံးပြုနိုင်မှုအားနည်းခြင်း<br>• ရေမလုံလောက်ခြင်း<br>• မြေဆီသြဇာညံ့ခြင်း | • နည်းပညာဝန်ဆောင်မှုအားနည်းခြင်း<br>• မိုးခေါင်ခြင်း၊မိုးမမှန်ခြင်း၊<br>• ဆည်မြောင်းရေကန်များမရှိခြင်း<br>• နွားချေးမြေဆွေးလုံလောက်စွာမထည့်နိုင်ခြင်း၊သီးနှံနှစ်မျိုး(စပါး၊ပဲ)စိုက်ပျိုးနိုင်ခြင်း<br>• ဓါတ်မြေသြဇာများမဆင်မခြင်သုံးစွဲခြင်း | • စိုက်ပျိုးရေးဌာနရှိခြင်း<br>• စိုက်ပျိုးရေးကုမ္ပဏီ များရှိခြင်း | • ကွင်းဆင်းဝန်ထမ်းနည်းခြင်း<br>• ကုမ္ပဏီများမိမိဆေးရောင်းရရေးသာအလေးထားခြင်း၊မိုးများ၍ရေကြီးသည့်အခါ ချောင်းဘေးလယ်များစိုးရိမ်စိတ်ရှိခြင်း | • ဝန်ဆောင်မှုအပြည့်အဝရရန်စိုက်ပျိုးရေးဌာနနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအားချိတ်ဆက်ဆောင်ရွက်ခြင်း<br>• မြို့နယ်အဖွဲ့အစည်းများ၏အကူအညီဖြင့်အရေးကြီးသွင်းအားစုများလက်လှမ်းမီအောင်ချိတ်ဆက်ခြင်း<br>မြို့နယ်အဖွဲ့အစည်းများ၏ အကူအညီဖြင့်ရေရရှိရေးဆောင်ရွက်ခြင်း | ○ စိုက်ပျိုးရေးနည်းပညာများရရှိအသုံးပြုမှု တိုးတက်အောင် ဆောင်ရွက်ခြင်း။<br>○ အရေးကြီးသွင်းအားစုများရရှိမှုတိုးတက်စေခြင်းမျိုးကောင်းမျိုးသန့်စုပေါင်းဝယ်ယူရန်ဆောင်ရွက်ခြင်း<br>○ စက်ကရိယာများအရစ်ကျ ဝယ်ယူ/ငှားရမ်းချိတ်ဆက်ခြင်း<br>○ ရေသုံးစွဲသူအစုအဖွဲ့ဖွဲ့၍ရေသွင်းခြင်းဆိုင်ရာတည်ဆောက်ရေးပြုပြင်ထိန်းသိမ်းရေးနှင့် စနစ်တကျသုံးစွဲရေးအတွက်ဆည်မြောင်းဝန်ကြီး |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | | ဌာနနှင့်ချိတ်ဆက်ခြင်း။ |
| ၃ | **မွေးမြူရေး** | | | | | |
| | • မွေးမြူရေး နည်းပညာရရှိမှု အားနည်း ခြင်း။ | • နည်းပညာဝန်ဆောင်မှု အားနည်းခြင်း၊<br>• ကာကွယ်ဆေးပုံမှန်မထိုးနိုင်ခြင်း<br>• ခြံသန့်ရှင်းရေးအားနည်းခြင်း | | | • တိရိစ္ဆာန်ရောဂါကာကွယ်ကုသရေး အတွက်အလေးထားစိတ် တိုးတက်အောင်ဆောင်ရွက်ခြင်း<br>• မွေးကုဦးစီးဌာနနှင့် ချိတ်ဆက်၍ဝန်ဆောင်မှုပြည့်ဝစွာရရှိအောင်ဆောင်ရွက်ခြင်း<br>• မျိုးကောင်းမျိုးသန့်များရရှိအောင် မြို့နယ်မွေးကုဦးစီးဌာန၊လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ဆောင် | – တိရိစ္ဆာန်မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း<br>– ရောဂါကာကွယ်ဆေးထိုးအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း<br>– ခေတ်မီမွေးမြူရေးနွားများ လက်တွေ့ဆောင်ရွက်နိုင်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | ရှက်ပေးခြင်း | |
| ၄ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ** | | | | | |
| | • အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း | • ဒေသတွင်စက်ရုံအလုပ်ရုံများမရှိခြင်း<br>• ဒေသတွင်းခရီးသွားလုပ်ငန်းကြီးများမရှိခြင်း<br>• ဒေသခံများအခြေခံပညာအားနည်းခြင်း<br>• ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာအတတ်ပညာနှင့်ကျွမ်းကျင်မှုအားနည်းခြ်င်း | • လုပ်သားအင်အားပေါများခြင်း၊လုပ်ချင်ကိုင်ချင်စိတ်ရှိခြင်း | • အလုပ်ပေးနိုင်သူမရှိခြင်း၊စီးပွားရေးလုပ်ငန်းရှင်အချို့ရှိသော်လည်းအနည်းငယ်သာအလုပ်ပေးနိုင်ခြင်း | • မြို့နယ်မှတဆင့်ပြည်ထောင်စုအဆင့်သို့မူဝါဒဆိုင်ရာပံ့ပိုးရန်တင်ပြတောင်းဆိုခြင်း | – အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်နိုင်ရန်မူဝါဒဆိုင်ရာပံ့ပိုးမှုတင်ပြတောင်းဆိုခြင်း<br>– ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအကိုးအကားဖြင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာခရီးသွားလုပ်ငန်းစက်ရုံ၊အလုပ်ရုံ၊အိမ်တွင်းစက်မှုလုပ်ငန်းများနှင့်မူဝါဒပံ့ပိုးမှုများကို လွှတ်တော်ကိုယ်စားလှယ်များမှတင်ပြခြင်း<br>– နိုင်ငံရပ်ခြားသို့ကျွမ်းကျင်မှုတရပ်ရပ်ဖြင့်သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးအ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | | တွက်မူဝါဒနှင့်ပံ့ပိုးမှုများတင်ပြခြင်း |
| ၅ | **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း** | | | | | |
| | • စီးပွားရေး၊လူမှုရေးနှင့်အရေးပေါ်ကိစ္စများအတွက် ချေးငွေရရှိနိုင်မှုခက်ခဲခြင်း | • အစိုးရဌာန ချေးငွေများတွင် ကန့်သတ်ချက်များသဖြင့် အဆင်မပြေမှုဖြစ်ခြင်း<br>• ပုဂ္ဂလိကဘဏ်များ၊ အာမခံမပါလျှင် မချေး<br>• အသေးစားငွေကြေးဝန်ဆောင်မှုများရွာတိုင်းမရောက် | • ပရဟိတအဖွဲ့ငယ်လေးများရှိခြင်း<br>• ငွေကြေးအသေးစားချေးငွေလုပ်ငန်းပေးမည်ဆိုပါက ရွာတွင်း၌ စိတ်ပါဝင်စားသူများရှိခြင်း | • ရွာတွင်း၌ရှိသောအဖွဲ့များမှာ ရန်ပုံငွေနည်းပါးခြင်း<br>• အားလုံးကို မချေးပေးနိုင်ခြင်း | • လုပ်ငန်းအလိုက်အစုအဖွဲ့များ ခိုင်မာစွာဖြစ်ပေါ်လာစေရန်ဆောင်ရွက်ပြီး အစုအဖွဲ့စနစ်ဖြင့် ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများပေးသည့်အဖွဲ့အစည်းများနှင့်ဆက်သွယ်ခြင်း<br>• ပြင်ပငွေကြေးအဖွဲ့အစည်းများ၊ဘဏ်များနှင့်ကျေးရွာရှိလုပ်ငန်းအခြေပြုအစုအဖွဲ့များ ချိတ် | ▪ ဘဏ်များငွေကြေးဝန်ဆောင် မှုအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ရန်စီစဉ်ခြင်း၊ လုပ်ငန်းအလိုက်ကျစ်လစ်ခိုင်မာသည့်ငွေကြေးဆိုင်ရာအစုအဖွဲ့များ ဖွဲ့စည်းပြုစုပျိုးထောင်ပေးခြင်း<br>▪ ဤ အဖွဲ့များနှင့် ဘဏ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြင်ပငွေကြေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်နိုင်မည့် မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများဆိုင်ရာပံ့ပိုးမှုများ တောင်းခံခြင်း<br>▪ အကျိုးတူ ကန်ထရိုက်စနစ် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | ဆက်နိုင်ရေးစီစဉ်ဆက်သွယ်တင်ပြခြင်း | ဖြင့်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန်မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများဆိုင်ရာတောင်းခံခြင်း<br>▪ လက်ရှိအစိုးရဌာနများမှထုတ်ချေးနေသည့်ချေးငွေများပိုမို ထိရောက်လာစေရန်တင်ပြတောင်းဆိုခြင်း |
| ၆ | **ပညာရေး** | | | | | |
| | • ကျောင်းအဆောက်အဦးမလုံလောက် | • ကျောင်းသားဦးရေတိုးလာခြင်း | • ကျောင်းကော်မတီဝင်များရှိခြင်း<br>• အလှူငွေအချို့ရှိခြင်း | • ရန်ပုံငွေမလုံလောက်ခြင်း<br>• ရပ်ရွာမှ ပါဝင်မှုအားနည်းခြင်း | • ပညာရေးဌာနနှင့်ချိတ်ဆက်၍ လိုအပ်ချက်များတင်ပြတောင်းဆိုခြင်း<br>• ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ညှိနှိုင်းဆောင်ရွက်ခြင်း<br>• ကျောင်းအကျိုးတော် | • ကလေးပျော်၍ဘက်စုံတော်စေသည့်ကျောင်းအဖြစ်ဖန်တီးတည်ဆောက်ခြင်း<br>• အရိပ်ရကစားကွင်းနေရာနှင့်ဆီးဆော၊ဒန်း၊ဘားဒန်းစသည်ဖြင့်စီမံထားရှိခြင်း<br>• အဆောက်အဦး၊ပရိဘောဂသင်ထောက်ကူပစ္စည်းပြည့်စုံ စွာပံ့ပိုးခြင်း |
| | • တတ်မြောက်မှု အရည်အသွေး သာမန်သာဖြစ် | • ကျောင်းအဆောက်အဦဟောင်းနွမ်းယိုယွင်းလာခြင်း | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | ဆောင်အဖွဲ့နှင့်မိဘဆရာအသင်းတို့ပူးပေါင်း၍ ထိရောက်စွာလက်တွဲဆောင်ရွက်ရန်စီစဉ်ကူညီပေးခြင်း<br>• ကျောင်းစာပြင်ပဖွံ့ဖြိုးရေးလှုပ်ရှားမှုများဖန်တီးပေးခြင်း | • ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးဖန်တီးခြင်း<br>• စုပေါင်းလှုပ်ရှားအားကစားသင်ကြားလေ့ကျင့်ပေးခြင်း<br>• သီချင်းဆိုပြိုင်ပွဲ၊ပန်းချီပြိုင်ပွဲ၊ပုံပြောပြိုင်ပွဲ စသည့်အရည်အသွေးတက်စေသည့်ပြိုင်ပွဲများကျင်းပပေးခြင်း<br>• ဆရာဆရာမများအတွက်ကျေးရွာမှ ဝန်ထုပ်ဝန်ပိုး မဖြစ်သောပံ့ပိုးမှု၊နေစရာ၊လုံခြုံရေး၊ရေ၊မီး စသည်ဖြင့်) |
| ၇ | **ကျန်းမာရေး** | | | | | |
| | • ရာသီအလိုက်ဖြစ်သောရောဂါများဖြစ်ခြင်း၊(ဝမ်း၊တုပ်ကွေး၊သွေး | • ရာသီဥတုကရောဂါဖြစ်မှုကိုအားပေးနေခြင်း<br>• အာဟာရချို့တဲ့ခြင်း | • ကျန်းမာရေးဆရာမရှိခြင်း<br>• စိမ့်စမ်းရေသွယ်ရှိခြင်း | • ငွေကြေးမပြည့်စုံခြင်း<br>• ကျန်းမာရေးမှူးရုံးနှင့်အလှမ်းဝေး | • ကျန်းမာရေးဆိုင်ရာအဆောက်အဦပစ္စည်းပစ္စယ၊ကိရိယာများပြည့်စုံစွာ | • ထိရောက်သည့်ကျန်းမာရေးဝန်ဆောင်မှုရရှိရန်ဆောင်ရွက်ခြင်း<br>• ကျန်းမာရေးအကျိုးဆောင် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | လွှန်တုပ်ကွေး)<br>• ကိုယ်ဝန်ဆောင်အမျိုးသမီးများဆိုင်ရာရောဂါဖြစ်ခြင်း<br>• ကျန်းမာရေးဆိုင်ရာအသိအားနည်းခြင်း<br>• အရပ်လက်သယ်ကိုအားကိုးခြင်း<br>• အိမ်သာစနစ်တကျမသုံးတတ်ခြင်း<br>• သောက်သုံးရေမလုံလောက်ခြင်း | • ကာကွယ်ဆေးမထိုးခြင်း<br>• အခြေခံပညာအားနည်းခြင်း<br>• ဆေးရုံဆေးခန်းကြောက်ခြင်း<br>• ကျန်းမာရေးဆေးခန်းသို့တစ်မိုင်ခရီးသွားရခြင်း<br>• အယူသီးခြင်း<br>• အလေ့အထမရှိခြင်း<br>• ရာသီဥတုဖေါက်ပြန်၍ရေရှားလာခြင်း<br>• လူဦးရေများလာခြင်း | • မြေအောက်ရေရနိုင် ခြင်း | ခြင်း၊ ကျန်းမာရေးဌာနဝန်ထမ်းအားနည်းခြင်း<br>• ကော်မတီအဖွဲ့များမရှိခြင်း<br>• ရန်ပုံငွေမလုံလောက်ခြင်း | ဖြည့်ဆည်းခြင်း<br>• ရာသီအလိုက်အဖြစ်များသောရောဂါများကိုကြိုတင်နိုးဆော်ကာကွယ်မှုများဆောင်ရွက်ခြင်း<br>• အယူသည်းခြင်းနှင့်ဆေးရုံဆေးခန်းကြောက်ခြင်းကိုပညာပေးစည်းရုံးခြင်း<br>• လစ်လပ်ကျန်းမာရေးဝန်ထမ်းများခန့်ထားပေးရန်တောင်းဆိုခြင်း<br>• ရေနှင့်သန့်ရှင်းရေးပံ့ပိုးမှုများအတွက်ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်လုပ် | အဖွဲ့ဖွဲ့၍ ရာသီအလိုက်ရောဂါများကြိုတင်ကာကွယ် နိုးဆော်ခြင်းများပြုလုပ်ခြင်း<br>• ကျန်းမာရေးပညာပေးနှင့်သင်တန်းများဖွင့်ပေးခြင်း<br>• ကျေးလက်ကျန်းမာရေးဆိုင်ရာအဆောက်အဦးအသုံး အဆောင်နှင့်ဝန်ထမ်းဖွဲ့စည်းပုံအတိုင်းရရှိအောင်တောင်းဆို ခြင်း<br>• ရေနှင့်အိမ်သာ ပံ့ပိုးရေးအတွက်ကျေးရွာကော်မတီနှင့်ကျေးလက်ဦးစီးလက်တွဲဆောင်ရွက်ခြင်းရွာနှင့်ကျေးလက်ဦးစီးဌာနအတူရေတွင်းတူးဖော်၍ရွာမှ ထိန်းသိမ်းခြင်း၊ယင်လုံအိမ်သာသုံးစွဲမှု |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | ဆောင်ခြင်း | ပညာပေးခြင်းနှင့်မတတ်နိုင်သူများအတွက်ပံ့ပိုးခြင်း |
| ၈ | • လမ်း၊တံတား၊လျှပ်စစ် | | | | | |
| | • ရွာချင်းဆက်လမ်းမကောင်းခြင်း<br>• ရွာချင်းဆက် တံတားမကောင်းခြင်း<br>• ရွာတွင်းလမ်းမကောင်းခြင်း<br>• ရွာအတွင်းရှိအိမ်ခြေအားလုံးမီးမသုံး စွဲနိုင်ခြင်း | • မြေသားလမ်းဖြစ်နေခြင်း<br>• တံတားကျိုးပျက်နေခြင်း<br>• မြေသားလမ်းဖြစ်နေခြင်း<br>• ငွေကြေးချို့တဲ့ခြင်း<br>• မဟာဓါတ်အားလိုင်းနှင့်အလှမ်းဝေးနေခြင်း<br>• ငွေကြေးမတတ်နိုင်ခြင်း | • လုပ်သားများရှိခြင်း<br>• ကားများရှိခြင်း<br>• သစ်များရှိခြင်း<br>• ငွေကြေးအနည်းငယ်ရှိခြင်း | • ငွေကြေးမလုံလောက်ခြင်း | • ကျေးရွာဆပ်ကော်မတီဖွဲ့စည်းပြီးကျေး/လက်ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း<br>• လမ်းတံတားများဆောက်လုပ်ခြင်း၊ပြုပြင်ခြင်းများ(ကွန်ကရစ်လမ်း၊မြေသားလမ်း၊ကျောက်ချောလမ်း၊ကတ္တရာလမ်း<br>• ကျေးရွာမီးလင်းရေး<br>• မဟာဓါတ်အားလိုင်းမှမီးသွယ်တန်းနိုင်ခြင်း<br>• ဆိုလာမီး<br>• ရေအားလျှပ်စစ် |
| ၉ | • လူငယ်ဖွံ့ဖြိုးရေး | | | | | |
| | • ကစားကွင်းမရှိ | • ဆင်းရဲခြင်း | • လူငယ်များအားက | • လူငယ်များစာ | • နေရာကျယ်ကျယ်နှင့် | • ကိုယ်စိတ်ကျန်းမာ၍ဇဟုသု |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • အားကစားပစ္စည်းမရှိ<br>• စာဖတ်မည့်သူမရှိ၊ ဖတ်ကျင့်မရှိ<br>• ယဉ်ကျေးမှုနှင့်အနုပညာထိတွေ့မှုမရှိ<br>• မူးယစ်ဆေးအန္တရာယ် | • ကိုယ်လက်ကြံ့ခိုင်နိုင်ရေးအသိမရှိခြင်း<br>• အခြားအချိန်ဖြုန်းစရာများစွာရှိ<br>• ကျူရှင်စာနှင့်ကျောင်းစာသာအလွတ်ကျက်<br>• အချိန်မပေးနိုင်<br>• အစီစဉ်မရှိ<br>• လွယ်ကူစွာဝယ်ရနိုင် | စားစိတ်ထက်သန်ခြင်း<br>• စာအုပ်စာပေများရရှိနိုင်ခြင်း<br>• လေ့လာချင်စိတ်ရှိခြင်း<br>• ရဲစခန်းများရှိခြင်း<br>• ရွာတွင်းမှ ကျေးရွာလူထုနှင့်အာဏာပိုင်အဖွဲ့အစည်းမှ မူးယစ်ဆေးကို တိုက်ဖျက်ရန်စိတ်ရှိခြင်း | ဖတ်ချိန်တွင် ဝမ်းစာအတွက် ငွေရှာနေရခြင်း<br>• လေ့လာနိုင်ရန်နေရာမရှိခြင်း<br>• ရဲစခန်းနှင့်အလှမ်းဝေးခြင်း<br>• ဖမ်းဆီးနိုင်မှုအားနည်းခြင်း | တန်ဘိုးကြီးပစ္စည်းများမလိုသည့် အားကစားနည်းများမှ စတင်၍ လူငယ် များအားကစားမှန်မှန်လုပ်လာအောင်စီစဉ်ပေးခြင်း၊ပင်ပေါင်၊ခြင်းလုံး၊စစ်တုရင်၊ဖူဆယ် စသည်)<br>• စာဖတ်ချင်စိတ်ရှိလာအောင်ဖန်တီးပေးခြင်း<br>• မူးယစ်ကင်းစင် ဝန်းကျင်ဖြစ်အောင်စီစဉ်ဖန်တီးခြင်း<br>• ထူးချွန်လူငယ်များအားအသိအမှတ်ပြုခြင်း(ပညာရေး၊အား | တဖြစ်စေသော အပန်းဖြေမှုများစီစဉ်ဖန်တီးပေးခြင်း။<br>• ပင်ပေါင်၊ခြင်းလုံး၊စစ်တုရင်၊ကြက်တောင်ရိုက်၊ဖူဆယ်၊ကိုယ်ခံပညာစသည်တို့ကိုလူငယ်များစုဖွဲ့ကစားနိုင်ရန်စီစဉ်ဖန်တီးပေးနိုင်ခြင်း။<br>• နွေရာသီအားကစားရက်တိုသင်တန်းများစီစဉ်ပေးခြင်း။<br>• စာပေဟောပြောပွဲများကျင်းပပေးခြင်း။<br>• စာဖတ်သူအစုအဖွဲ့များဖွဲ့၍ တစ်ဦးတစ်အုပ်ကျဝယ်၍ လဲ လှယ်ဖတ်ရှုပြီး ဆွေးနွေးသည့်အလေ့အထတည်ဆောက်ပေးခြင်း။<br>• အားကစား၊စာပေ၊စာရိတ္တ၊လူမှုရေးစွမ်းဆောင်မှုများ |

| စဥ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | ကစား၊စာရိတ္တ၊လူမှုရေးစွမ်းဆောင်မှုများအတွက်ဂုဏ်ပြုချီးမြှင့်ခြင်း) | အတွက် ဂုဏ်ပြုပွဲများကျင်းပခြင်း။<br>• အရက်၊မူးယစ်ဆေးကင်းစင်ကျေးရွာဖြစ်ရန်အားလုံးဝိုင်းဝန်းဆောင်ရွက်ခြင်း(ရောင်းသူ၊သုံးသူပညာပေးဥပဒေအရ တားဆီးအရေးယူခြင်း။ |

## ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၅၊မေ။

၂။ ၂၀၁၆ ခု စက်တင်ဘာလက ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊